# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 3 February 2024 ၁၁၃၆၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ရမည်

## အတတ်ပညာ၊ အသိပညာပြည့်စုံသည့် လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများစသည့် နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များက Video Conferencing ဖြင့် တက်ရောက် ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ယနေ့ ဖတ်စရာ

**တိုက်ပွဲတိုင်းတွင် အပြစ်မဲ့ပြည်သူတို့၏ စိတ်နှလုံးကို စတေးကြရသည်ချည်းဖြစ်သည်။ မိခင်မဲ့သွားသည့် သားသမီးများ၊ အသက်မဲ့သွားသည့် စာသင်ကျောင်းများ၊ အသက်ဘေးကြောင့် စစ်ဘေးရှောင်စခန်းများတွင် ရာသီဥတုဒဏ်၊ ပုံးဒဏ်၊ လက်နက်ကြီးဒဏ် စသည့်ဒဏ်ရာဒဏ်ချက်များကို အန်တုရင်ဆိုင်နေကြရသူများသည် မိမိတို့၏ တိုင်းရင်းသားပြည်သူများပင်ဖြစ်**

ဆောင်းပါး စာမျက်နှာ » ၈

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ**

စာမျက်နှာ » ၁၀

**အရေးပေါ် ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းနည်းစနစ် သင်တန်းဆင်းပွဲကျင်းပ**

စာမျက်နှာ » ၁၁

ကြေးမုံ

# စီးပွားရေးနှင့် ပညာရေးကို အားပေးမြှင့်တင်

တိုင်းပြည်အနာဂတ်အတွက် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ပညာရေးကောင်းမွန်ပါမှ အသိပညာ၊ အတတ်ပညာကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များသည် တိုင်းပြည်အတွက် အလုပ်အကျွေးပြုနိုင်မည်ဖြစ်သည်။ တိုင်းပြည်တွင် အသိပညာ၊ အတတ်ပညာအားနည်းနေပါက နိုင်ငံရေးနှင့် စီးပွားရေး လုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသောအစိုးရက နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ပညာရေးကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏အနာဂတ်အတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိရာ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးရည်မှန်းချက်နှစ်ရပ် ချမှတ်ဆောင်ရွက် လျက်ရှိသည်။ ထို့အပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရည်မှန်းချက်များတွင် တိုင်းပြည်သာယာဝပြောရေးသည် အလွန်နက်နဲကျယ်ပြန့် သည့်လုပ်ငန်းစဉ်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းလျှင် လူတိုင်းအေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝ များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နေထိုင်ကြကာ အေးချမ်းစွာပညာ သင်ကြားနိုင်မည်ဖြစ်သည်။ လူတိုင်းစီးပွားရေးတိုးတက်ကောင်းမွန်လာလျှင် နိုင်ငံ့ စီးပွားရေးလည်းတိုးတက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာမွေးထုတ် ပေးနိုင်ကာ တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လတ်တလောတွင် အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံအတွင်း တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ် နေသဖြင့် တိုင်းပြည်သည် သာမန်အခြေအနေသို့ ပြန်လည်မရောက်ရှိသေးပေ။ ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းပြည်ကို ဆက်လက်တာဝန်ယူပြီး သာမန် အခြေအနေသို့ရောက်အောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးဖြစ်သည်။ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ် ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ် လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွား မည်ဟု အာမခံချက်ပါရှိသည်။ နိုင်ငံတော်တာဝန်ထမ်းဆောင်ပြီးပါက အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရွေးကောက်ပွဲကျင်းပ ရေးကို အန္တိမရည်မှန်းချက်အဖြစ်သတ်မှတ်ထားသည်။ နိုင်ငံတော်ကို တာဝန်ယူ ဆောင်ရွက်နေချိန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး ကောင်းမွန်ရေး၊ ပညာရေးမြှင့်တင်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် နေသည်။ တိုင်းပြည်အနာဂတ်အတွက် စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်နေသည်။ ရည်မှန်းချက်ကို မျက်ခြည်အပြတ်မခံ၊ ပစ္စုပ္ပန်တွင် တိုင်းပြည်အနာဂတ်အတွက် အကောင်းဆုံး၊ အတတ်နိုင်ဆုံးလုပ်ဆောင်ပေးလျက်ရှိသည်။

အန္တိမရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်လျက်ရှိပြီး တစ်ဆက်တည်းတွင် တိုင်းရင်း သားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမြှင့်တင်၍ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ပြည်သူလူထုတစ်ရပ် လုံး လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေ သည်။ နိုင်ငံမတည်ငြိမ်ဖြစ်ရခြင်းတွင် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး စီးပွားရေးမကောင်းမွန်ခြင်းကို အခြေခံသည်ဆိုသည့် အတွေ့အကြုံများလည်းရှိပြီး ဖြစ်သည်။ နိုင်ငံတကာတွင်လည်း စီးပွားရေးကိုအကြောင်းပြု၍ အပြောင်းအလဲများ ဖြစ်လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေးစနစ် မည်သို့ပင်အပြောင်းအလဲဖြစ်သော်လည်း တိုင်းပြည် စီးပွားရေးကောင်းအောင်ပြုလုပ်နိုင်လျှင် ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် ပညာတတ်လူ့အရင်းအမြစ်များ ပေါများပြီး အလုပ်အကိုင်စီးပွားအဆင်ပြေသောကြောင့် နိုင်ငံရေးစနစ်သည် နိုင်ငံရေးရေချိန် အလိုက် အခိုက်အတန့်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုသည် လည်းကောင်း၊ ပညာရည်မြင့်မားမှုသည်လည်းကောင်း စီးပွားရေးကို အကြောင်း ခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး စီးပွားရေးမကောင်းမွန်ပါက အားလုံး ပျက်ပြားသွားနိုင်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ရည်မှန်းထားသည့် အန္တိမရည်မှန်းချက် အောင်မြင်ရေး၊ နိုင်ငံတော်အနာဂတ် တိုးတက်ကောင်းမွန်လာရေးအတွက် နိုင်ငံ့ စီးပွားရေးနှင့်ပြည်သူလူထုတစ်ရပ်လုံး၏ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီး နိုင်ငံသားတိုင်း ပညာရေးမြင့်မားတိုးတက်အောင် ဆောင်ရွက်ပေး ရေးကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၂,၈၉၅ | ၂၄,၉၁၁,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၄၀၇ | ၁,၁၉၀,၆၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၇၀ | ၅၆၀,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁,၀၁၃ | ၁,၅၇၀,၁၅၀ |
| TMH | ၂,၅၀၀ | ၂,၄၀၀ | ၁၀၁ | ၂၄၇,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၆၇ | ၁၂၇,၃၀၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၃၀ | ၁၄၁,၉၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၆၉ | ၁၂၀,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်

- ☆ နိုင်ငံတစ်ခုတိုးတက်စေရန်အတွက် မောင်းနှင်အားများဖြစ်သည့် နိုင်ငံရေးအား၊ စီးပွားရေးအားနှင့် ကာကွယ်ရေးအားများ ကောင်းမွန်နေရန်လို
- ☆ နိုင်ငံရေးအား ကောင်းမွန်ရန်အတွက် မှန်မှန်ကန်ကန် ဦးဆောင်နိုင်သူများက မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် စနစ်တကျမှန်ကန်စွာဖြင့် ဦးဆောင်နိုင်မည်ဆိုပါက တည်ငြိမ်အေးချမ်းပြီး နိုင်ငံစည်းလုံးညီညွတ်နေမည်
- ☆ စီးပွားရေးအရ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအတွင်း နေထိုင်ကြသူအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်းချမ်းသာကြွယ်ဝပြီး နိုင်ငံ့စီးပွားကောင်းမွန်လာမည်
- ☆ အူမတောင့်မှ သီလစောင့်မည်ဆိုသည့်အတိုင်း စီးပွားရေးအားကောင်းမွန်မှသာ နိုင်ငံ၏ကာကွယ်ရေးအားသည်လည်း ကောင်းမွန်မည်

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အနေဖြင့် ပထမဆုံးအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရအဖွဲ့အသစ်အနေဖြင့် စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်များဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့်ကာလများအတွင်း အပြောင်းအလဲအချို့ရှိခဲ့သော်လည်း ချမှတ်ထားသည့် မူဝါဒများပြောင်းလဲမှုမရှိဘဲ ဆောင်ရွက်ခဲ့ရာ အခက်အခဲအကျပ်အတည်းများကြားမှ အတိုင်းအတာတစ်ခုအထိ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မှတ်တမ်းတင်ကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် ရှိပြီးသားအခြေခံကောင်းများကို အသုံးချ၍ လာမည့်ကာလများအတွင်း မိမိတို့၏ မျှော်မှန်းချက်များ ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရေး ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍတို့၌ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် အခြေခံအားဖြင့် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတစ်ဦးချင်းစီ၏ ကြိုးပမ်းမှုအပေါ်တွင် မူတည်သော်လည်း ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့မှဖန်တီးပုံဖော် ဦးဆောင်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရများတွင် အစိုးရများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း။

မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်သော်လည်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် နိုင်ငံ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ အားနည်းချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံ၏အခြေအနေကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအားနည်းချက်မှာ မသမာမှုရှိသည့် မဲရလဒ်များဖြင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့် ရယူနိုင်ရေး ဆောင်ရွက်ခဲ့ပြီး မရိုးသားသည့်နည်းဖြင့် ဒီမိုကရေစီကို ပုံဖော်ခဲ့သည့်ကိစ္စဖြစ်ကြောင်း၊ သန့်ရှင်းသည့် နိုင်ငံရေး၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်၊ စစ်မှန်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ရှိသည့် ပြည်ထောင်စုတစ်ရပ်ဖြစ်စေရေး မိမိတို့အနေဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားများ အားကောင်းရန်လိုအပ်

နိုင်ငံတစ်ခုတိုးတက်စေရန်အတွက် မောင်းနှင်အားများဖြစ်သည့် နိုင်ငံရေးအား၊ စီးပွားရေးအားနှင့် ကာကွယ်ရေးအားများ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံရေးအား ကောင်းမွန်ရန်အတွက် မှန်မှန်ကန်ကန် ဦးဆောင်နိုင်သူများက မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် စနစ်တကျမှန်ကန်စွာဖြင့် ဦးဆောင်နိုင်မည်ဆိုပါက တည်ငြိမ်အေးချမ်းပြီး နိုင်ငံစည်းလုံးညီညွတ်နေမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအတွင်းနေထိုင်ကြသူအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်းချမ်းသာကြွယ်ဝပြီး နိုင်ငံ့စီးပွားကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်မည်ဆိုသည့်အတိုင်း စီးပွားရေးအားကောင်းမွန်မှသာ နိုင်ငံ၏ကာကွယ်ရေးအားသည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း။

## ထိရောက်သည့် ကာကွယ်ရေးစွမ်းပကားနှင့် တရားဥပဒေစိုးမိုးရေးယန္တရား တည်ဆောက်ရန်လိုအပ်

ကာကွယ်ရေးစွမ်းပကား ကောင်းမွန်စေရန်အတွက် လိုအပ်ချက်များကို ငွေကြေးများအသုံးပြု၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သားများက တာဝန်ထမ်းဆောင်လျက်ရှိပြီး တွဲဖက်အင်အားအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ထမ်းဆောင်လျက်ရှိပြီး အားလုံးက စွန့်စွန့်စားစားဖြင့် အသက်သွေးချွေးများပေးဆပ်၍ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ၎င်းတို့ကို တတ်နိုင်သမျှ အသိအမှတ်ပြု ချီးမြှင့်အားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ခုတည်းကသာမက အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် အစိုးရကို ကာကွယ်နေခြင်းမဟုတ်ဘဲ နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်နေခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေခြင်းသည် တစ်နိုင်ငံလုံး တရားဥပဒေစိုးမိုးရေးအတွက်ဖြစ်ကြောင်း၊ ၎င်းတို့၏ တာဝန်ထမ်းဆောင်လိုစိတ်များရှိအောင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟုနှစ်ခုရှိကြောင်း၊စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် ပစ္စည်းများကို အသုံးပြုနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် ကာကွယ်ရေးစွမ်းအားရှိသည့် ကာကွယ်ရေးဖြစ်စေရန်အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၏ အင်အားမှာ နိုင်ငံနှင့် ကိုက်ညီသည့် အင်အားရှိနေရန်လိုပြီး အရည်အချင်းပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ပြည်သူများက ယုံကြည်အားကိုးသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လည်းလိုပြီး ပြည်သူများနှင့် တစ်သားတည်းဖြစ်သည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ပြီး အသိတရားဖြင့် ဥပဒေကိုလိုက်နာရန်လိုကြောင်း၊ ထိုသို့နားလည်ရန်အတွက် အတန်းပညာများ တက်မြောက်ရန်လိုအပ်သဖြင့် မိမိတို့အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံအတွင်း၌ ထုတ်ကုန်များထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပို့ကုန်များ နည်းပါးလျက်ရှိသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုမူဝါဒကို ပြောင်းလဲပြင်ဆင်ပေးခဲ့ရာ ပို့ကုန်များ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပို့ကုန်များတိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလိုအပ်ချက်များမဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ပေးရန် ပြည်ထောင်စုဝန်ကြီးဌာနများက ဦးဆောင်မှုပေးရန်လိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် စီးပွားရေးမောင်းနှင်အားများ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံ၏အဓိကထုတ်ကုန်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်သဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင် များစွာမူတည်နေကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အထူးအလေးပေး ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသူများအနေဖြင့် Skill Labour များဖြစ်စေရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ စားသုံးမှုတွင် ဆီနှင့် နို့ထွက်ပစ္စည်းများရှိပြီး ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာသုံးစွဲနေရကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများစိုက်ပျိုးနိုင်သည့် မြေနေရာများ များစွာရှိသဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး အထူးအလေးပေး ဆောင်ရွက်ကြစေလိုကြောင်း၊ နို့ထွက်ပစ္စည်းများကိုလည်း ပြည်တွင်း၌ ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နို့ထွက်ပစ္စည်းများတိုးတက်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ရေခံမြေခံကောင်းများရှိခြင်းကြောင့် ထုတ်လုပ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်ကြောင်း၊ ထိုသို့နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဆိုပါက ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်ကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်ကြောင်း၊ ထိုသို့နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေသည့် ပြည်သူများ အသိပညာ၊ အတတ်ပညာများရရှိအောင် ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူ ကုန်ထုတ်လုပ်ငန်းအတွက်လိုအပ်သည့် ကုန်ထုတ်လမ်းများနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေး၊ အလုပ်အကိုင်များရရှိရေး၊ အသိပညာများရရှိရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်နေပြည်သူများ၏ အလုပ်လုပ်နိုင်စွမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## MSME လုပ်ငန်းများမှ အရေအတွက်ထက် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများသည် အရေးကြီးပြီး မိမိတို့နိုင်ငံအတွက်သာမက နိုင်ငံတကာတွင်လည်း MSME လုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍ၌ ရှိနေကြောင်း၊ အိမ်တွင်းစက်မှုလုပ်ငန်း အသေးစားလုပ်ငန်းများမှသည် အလတ်စားကုန်ထုတ်လုပ်ငန်းများအထိ ဆောင်ရွက်နေကြကြောင်း၊ စက်မှုနိုင်ငံကြီးများသည်ပင်လျှင် MSME လုပ်ငန်းများဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတွင် အခရာကျသည့်နေရာ၌ရှိပြီး အရေအတွက်မဟုတ်ဘဲ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့်လျော်ညီသည့် နည်းပညာများကို အကျိုးရှိရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာပြည့်စုံသည့် လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့်နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ **စာမျက်နှာ ၃ မှ**

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ်ကြောင်း၊ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ခြင်း သည် သေချာသည့် ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများ အသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ကြမ်းသာမက အခြားလိုအပ်သည့် သွင်းအားစုများ၊ အရင်းအနှီးများ ရရှိရေးအတွက်လည်း ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်**ကြောင်း။

## ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်ရေး

မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရန် လိုကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ အနည်းဆုံးအလယ်တန်းပညာအဆင့် KG+9 အထိ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး အခြားလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်စေရေးအတွက် ပညာရေးဝန်ထမ်းများကို ချီးမြှင့်မြှောက်စားခြင်း၊ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏ အရည်အသွေးများ မြှင့်တင်ပေးခြင်းတို့ဖြင့်မြှင့်တင်ဆောင်ရွက်နေကြောင်း၊ ဝေးလံခေါင်ဖျားသည့် နယ်စွန်နယ်ဖျားများ၌ သွားရောက်တာဝန် ထမ်းဆောင်နေရသည့် ပညာရေးဝန်ထမ်းများကိုလည်း လေးစားတန်ဖိုးထားရန်လိုပြီး အစိုးရသာမက ဒေသအလိုက် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ၎င်းတို့သည် နိုင်ငံ့အနာဂတ်အတွက် အရေးကြီးသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး တာဝန်ကျရာနေရာဒေသအသီးသီးသို့အခက်အခဲအမျိုးမျိုးကြားမှ သွားရောက် တာဝန်ထမ်းဆောင်နေရခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် လိုအပ်သည်များဖြည့်ဆည်းပေးခြင်းဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့ပညာရေးမြှင့်တင်မှုနှင့် ပတ်သက်လာပါက အပေါ်ယံမကြည့်ဘဲ လေးလေးနက်နက်စဉ်းစား၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

အလားတူ ပညာရေးကိုအထောက်အကူပြုနေသည့် အခြားလုပ်ငန်းရပ်တစ်ခုဖြစ်သည့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍လည်း အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာလျှင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေး ဝန်ထမ်းများကို အားပေးရမည်၊ စောင့်ရှောက်ပေးရမည်ဖြစ်ပြီး ဆေးရုံများသန့်ရှင်းသာယာလှပရေးနှင့် အဆောက်အအုံများ ပြည့်စုံကောင်းမွန်ရေး၊ ဆေးဝါးအထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရေးတို့အတွက် တတ်နိုင်သမျှဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံ၍လည်း လိုအပ်သည်များကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပါက လိုအပ်သည်များ အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်ရှိအချိန်တွင် အစိုးရအဖွဲ့အတွင်း၌ တာဝန်ပေးခန့်အပ်ထားသည့် ပြည်ထောင်စုဝန်ကြီးအများစုမှာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အများစုပါဝင်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအားကိုယ်ချင်းစာတရားဖြင့် သာတူညီမျှအုပ်ချုပ်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအား ရာထူးနှင့်ပတ်သက်၍ တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ မျှတမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာနများအလိုက် တာဝန်ထမ်းဆောင်မှုများ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်နှင့် ဌာနအတွင်း မျှတမှုများရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင်သက်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်ဆင့်တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများအပေါ် သာတူညီမျှ ကွပ်ကဲအုပ်ချုပ်ကြရန်လိုပြီး အမြဲမပြတ်ထိတွေ့ ဆက်ဆံကာ ၎င်းတို့၏လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများကိုသိရှိအောင် ဆောင်ရွက်ကာ တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးများကိုလည်း မြှင့်တင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့် ကွပ်ကဲကြပ်မတ်မှုများလည်း ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် လိုအပ်သည့် လမ်းညွှန်မှုများကိုလည်း ပေးနိုင်ရမည်ဖြစ်ပြီး မသွားသင့်သည့်နေရာကို မသွားရန်၊ မပေါင်းသင့်သည့်သူကို မပေါင်းရန်၊ မပြောသင့်သည့်စကားကို မပြောရန်၊ မလုပ်သင့်သည့်အလုပ်ကို မလုပ်ရန် စသည်ဖြင့် လမ်းကြောင်းမှန်ကို ပြသပေးနိုင်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများအား လမ်းကြောင်းမှန်ကို တည့်မတ်ပေးခြင်းသည် နိုင်ငံ့အကျိုးကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်**သည့်အတွက် ဝန်ကြီးများအနေဖြင့်လည်း စဉ်းစားချင့်ချိန် ဆောင်ရွက်သွားကြရန်လိုကြောင်း။

## ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအား ထိရောက်စွာအသုံးချ

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဖက်ဒရယ်ဟူသည့် စကားရပ်ကိုသိရှိရန်လိုပြီး ဖက်ဒရယ်ဟူသည်မှာ လုပ်ပိုင်ခွင့်များကို တာဝန်ခွဲဝေပေးခြင်းဖြစ်ပြီး ပေါင်းစည်းခြင်း၊ သဟဇာတဖြစ်ခြင်းပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်၍ရသည်များ ရှိကြောင်း၊ ဥပဒေမထုတ်ပြန်နိုင်သေးပါက ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ဆောင်ပေး၍ ရကြောင်း၊ ထိုကဲ့သို့တိုင်းဒေသကြီးနှင့်ပြည်နယ် အဆင့်တွင်လုပ်နိုင်သည့် လုပ်ပိုင်ခွင့်များကို လုပ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ဖက်ဒရယ်အပေါ်တွင် ယုံကြည်မှုများ လျော့နည်းလာခြင်းဖြစ်ကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့်၊ ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုပြီး တိုင်းပြည်အကျိုးကို ဖော်ဆောင်ပေးနိုင်ရေး စဉ်းစားဆွေးနွေးဆောင်ရွက်ကြရန်လို**ကြောင်း။

## အခြေခံပညာကျောင်းများ၏ စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး

မကြာမီတွင် အခြေခံပညာကျောင်းများ စာမေးပွဲဖြေဆိုကြတော့မည်ဖြစ်ပြီး ကျောင်းတက်နေသည့် ကလေးများအားလုံး ကျောင်းမပျက်မကွက် တက်ရောက်နိုင်ရေး၊ စာမေးပွဲကိုချောမွေ့စွာ ပြီးစီးနိုင်ရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအပါအဝင် အုပ်ချုပ်ရေးအဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

လက်ရှိကာလတွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုသို့ ရောက်ရှိလာနေပြီဖြစ်သည့်အတွက် ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း မိမိတို့၏ နေအိမ်များ၊ လမ်းများ၊ ရပ်ကွက်၊ ကျေးရွာများ၊ ကျောင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သာယာလှပမှုရှိစေရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကြာမီတွင် နွေရာသီကျောင်းပိတ်ရက်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ခရီးသွားကာလ စတင်တော့မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသနှင့်ပတ်ဝန်းကျင် မျက်စိပသာဒရှိစေရေး၊ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ခရီးသွားလုပ်ငန်းကိုအားပေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဒေသအလိုက်နေထိုင်သူများ၊ တာဝန်ရှိသူများ အားလုံးအတူတကွ ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် နေရာဒေသအလိုက် မိမိတို့ဒေသသို့လာရောက်ကြသူများအား စနစ်ကျနပြီး ကျန်းမာရေးနှင့်ညီညွတ်မျှတမှုရှိသည့် နေထိုင်စားသောက်မှုဝန်ဆောင်မှုကို ပေးနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

တစ်ဆက်တည်းတွင် နွေရာသီကာလသို့ရောက်ရှိသည့်အချိန်တိုင်း ဖြစ်လေ့ဖြစ်ထရှိသည့် ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်ထားကြရန်လိုကြောင်း၊ သောက်သုံးရေများ ဖူလုံစွာရရှိရေး၊ ချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် လိုအပ်သည်များကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားကြရန်လိုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေစီးရေလာ ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးသည် စည်ပင်သာယာမှ တာဝန်ရှိသူများဖြင့်သာ ဆောင်ရွက်သည်နှင့် လုံလောက်မည်မဟုတ်ဘဲ ရပ်ရွာလူထုမှ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **တိုင်းပြည်တစ်ပြည် တိုးတက်ရေးအတွက် အစိုးရမှ ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးမှစုပေါင်းအားဖြင့်ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းနိုင်မည်ဖြစ်**ကြောင်း၊ ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက နှစ်အလိုက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းအခြေအနေ၊ ရငွေနှင့်သုံးငွေအချိုး၊ လိုငွေနှင့် ဂျီဒီပီအချိုး၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားအသိအမှတ်ပြုကတ်ပြားရရှိရေး ဆောင်ရွက်ပေးမှု၊ မဲစာရင်းကောက်ယူရေး လုပ်ငန်းများဆောင်ရွက်မှု၊ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှု၊ နှစ်အလိုက် လယ်ယာကဏ္ဍတိုးတက်မှုနှင့်သီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် အကောင်အထည်ဖော်နေမှု၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးလာရေး အားပေးဆောင်ရွက်နေမှု၊ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အမျိုးအစားအလိုက် တန်ဖိုးမြင့်ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာစာမေးပွဲများကျင်းပရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှု၊ နှစ်အလိုက် ပို့ကုန်/ သွင်းကုန် အခြေအနေ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိမှုနှင့် အားကစားကဏ္ဍမြင့်မားရေး အားပေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတော်ဘဏ္ဍာငွေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ ပကာသနများနှင့် For Show များကို ဦးစားမပေးဘဲ ထိရောက်အကျိုးရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်အကောက်များအပြည့်အဝ ရရှိမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် သက်ဆိုင်သည့်ဌာနများအနေဖြင့် စနစ်တကျ ပြည့်ဝစွာ ကောက်ခံရရှိအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် ထုတ်ပေးထားသည့် မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြင့် ထိန်းသိမ်းသုံးစွဲကြရန်လိုကြောင်း၊ လိုအပ်ချက်အရဝန်ထမ်းများခန့်အပ်ရာတွင်လည်း အမှန်တကယ်လိုအပ်သည့် ဝန်ထမ်းအင်အားကိုသာ ခန့်အပ်ရန်လိုကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင်သာ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အကျိုးအရှိဆုံးပင်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်သေချာသော သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့ပြည်သူများ၏ ကြံ့ခိုင်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် စားသောက်မှုပုံစံကိုလည်း ပြောင်းလဲရန်လိုပြီး ဆန်စားသုံးမှုနှင့်အတူ ဂျုံကိုပါ တွဲဖက်၍ စားသုံးသည့် အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုး၍ရသည့် ဒေသများ၌လည်း ဂျုံစိုက်ပျိုးမှုများ တိုးတက်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်ပြီး စံနှုန်းသတ်မှတ်ချက်အရ ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူရန်မှာ အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုမှ ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ နိုင်ငံတော်အတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်

**စာမျက်နှာ ၅ သို့** ☆

- **နိုင်ငံ့ပညာရေး မြှင့်တင်မှုနှင့်ပတ်သက်လာပါက အပေါ်ယံမကြည့်ဘဲ လေးလေးနက်နက်စဉ်းစား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့်၊ ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုပြီး တိုင်းပြည်အကျိုးကို ဖော်ဆောင်ပေးနိုင်ရေး စဉ်းစားဆွေးနွေးဆောင်ရွက်ကြရန်လို**
- **ခရီးသွားလုပ်ငန်းကို အားပေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဒေသအလိုက်နေထိုင်သူများ၊ တာဝန်ရှိသူများအားလုံး အတူတကွ ဝိုင်းဝန်းဆောင်ရွက်ရမည်**
- **တိုင်းပြည်တစ်ပြည် တိုးတက်ရေးအတွက် အစိုးရမှ ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးမှ စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းနိုင်မည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်နှင့် မိတ္ထီလာဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင် **စာမျက်နှာ ၆ သို့ ✻**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

---

**✰ စာမျက်နှာ ၄ မှ**

လုပ်ငန်းရပ်များကို မှန်မှန်ကန်ကန်ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိရေးအတွက်ကိုသာမကဘဲ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ရရှိရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၊ လုံခြုံရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းသည် မိမိတို့အတွက် အရေးကြီးသည့် လုပ်ငန်းများပင်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံနိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်း ငွေကြေးလည်ပတ်မှုများ အားကောင်းလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍လည်း ပြည်ပသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေခြင်းများရှိကြောင်း၊ ထိုသို့သွားရောက်ရခြင်းကြောင့် ပြည်ပသုံးစွဲငွေများရှိသကဲ့သို့ အခြားအခက်အခဲများလည်း ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ

**❖ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တာဝန်ရှိသူများအနေဖြင့် မိမိတို့၏တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အပေါ် အခြေခံ၍ မိမိတို့တာဝန်ယူထားရသည့်နယ်ပယ်အလိုက် လုပ်ငန်းရပ်များတိုးတက်အောင်မြင်စေရေး ဆောင်ရွက်သွားရမည်**

**❖ မိမိတာဝန်ယူထားသည့် နယ်ပယ်အကြောင်း၊ လက်အောက်ဝန်ထမ်းများ၏အကြောင်း၊ မြေပြင်အခြေအနေအကြောင်းကို ခြေခြေမြစ်မြစ်သိရှိထားရန်လို**

**❖ ဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်မှုရှိစေရေးအတွက် မဟာဗျူဟာစီမံချက်များ အကောင်အထည်ဖော်ချမှတ်ရာတွင် အထောက်အကူရရှိစေရေး နယ်ပယ်အလိုက် စဉ်ဆက်မပြတ်လေ့လာနေရမည်**

အားကစားကဏ္ဍ မြင့်မားရေးအတွက်လည်း အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တာဝန်ရှိသူများအနေဖြင့် မိမိတို့၏တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အပေါ် အခြေခံ၍ မိမိတို့တာဝန်ယူထားရသည့် နယ်ပယ်အလိုက်လုပ်ငန်းရပ်များ တိုးတက်အောင်မြင်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူထားသည့် နယ်ပယ်အကြောင်း၊ လက်အောက်ဝန်ထမ်းများ၏အကြောင်း၊ မြေပြင်အခြေအနေအကြောင်းကို ခြေခြေမြစ်မြစ်သိရှိထားရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်မှုရှိစေရေးအတွက် မဟာဗျူဟာစီမံချက်များ အကောင်အထည်ဖော်ချမှတ်ရာတွင် အထောက်အကူရရှိစေရေး နယ်ပယ်အလိုက် စဉ်ဆက်မပြတ်လေ့လာနေရမည်ဖြစ်ကြောင်း။

အချို့သော ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့သည် ပြည်ထောင်စုဖြစ်သည့်အတွက် ၎င်းတို့ဒေသများကိုလည်း ချန်လှပ်ထား၍ ရမည်မဟုတ်ဘဲ ၎င်းတို့ဒေသနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပို့ကုန်နှင့်ပတ်သက်၍ ကုန်သွယ်မှုတွင် သတ်မှတ်ထားသည့်အတိုင်း တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုလိုငွေလျော့ကျလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက လုပ်ငန်းရပ်များအားလုံး အောင်မြင်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့တာဝန်ယူထားရသည့် ကဏ္ဍအလိုက် အင်ပြည့်အားပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

* စာမျက်နှာ ၅ မှ

ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်နှင့် မိတ္ထီလာဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်တွင်ရရှိသည့် ပင်နယ်တီသွင်းဂိုးဖြင့် နေပြည်တော်ဇုန်အသင်းက ပွဲကစားချိန်ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်တွင် မိတ္ထီလာဇုန်အသင်းက ချေပဂိုးပြန်လည် သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၆၅ မိနစ်တွင် နေပြည်တော်ဇုန်အသင်းက အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သောကြောင့် ပွဲကစားချိန်ပြီးဆုံးချိန်တွင် နေပြည်တော်ဇုန်အသင်းက မိတ္ထီလာဇုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

### ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆု၊ အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံး ရှေ့တန်းဆု၊ ဂိုးသွင်းအများဆုံး အားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမား ဆုရရှိသူများကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ပိုးရယ်အောင်သိန်း၊ ဒေါ်ဒွဲဘူ၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း တတိယဆုရရှိသည့် မကွေးဇုန်အသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော တစ်ဦးချင်း အကောင်းဆုံးဆုရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ တစ်ဦးချင်း အကောင်းဆုံးဆုရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တစ်ဦးချင်း အကောင်းဆုံးဆု ရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တတိယဆုရရှိသည့် မကွေးဇုန်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဒုတိယဆုရရှိသည့် မိတ္ထီလာဇုန်အသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းကို ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဖြတ်ကျော် စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂

သောကြာနေ့စကားဝိုင်း (Friday Talk)၏ အမှတ်စဉ် (၄၄) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးတင်ပြမည့်အကြောင်းအရာတွင် RCEP စာချုပ်ဝင်နိုင်ငံများအကြား ပုဂ္ဂလိကစက်မှုလုပ်ငန်းများ (MSMEs) နှင့် ကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအကြား လွတ်လပ်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုဆိုင်ရာ အကြောင်းအရာများ သာမက ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလုပ်ငန်း၊ ကုမ္ပဏီဥပဒေဆိုင်ရာ အကြောင်းအရာများပါဝင်သဖြင့် ဝန်ထမ်းများအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးပိုက်က "တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဖြတ်ကျော်စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက အသိပညာမျှဝေ ဆွေးနွေးမှုမှတစ်ဆင့် မိမိနိုင်ငံအတွက်အကျိုးရှိစေမည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲသို့ တက်ရောက်



ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများ၊ စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အလုပ်သမားဝန်ကြီးဌာနသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေသော မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) တွင် Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီထိ အလုပ်အကိုင် ၄၀ တွင် ဖြေဆိုသူ ၂၇၄၂၈ ဦးအနက် ၂၅၁၁၄ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လျာထားချက်ကျော်လွန်၍ အလုပ်အကိုင် ၂၈ မျိုးအတွက် လုပ်သား ၅၇၇၄ ဦး စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား ၃၅၀၀ ကို စစ်ဆေးအကဲဖြတ်ရန် လျာထားခဲ့ရာ လက်ရှိအချိန်ထိ အလုပ်အကိုင် ၂၉ မျိုးအတွက် ဖြေဆိုသူ ၂၇၃၅ ဦးတွင် အရည်အသွေးပြည့်မီသူ ၂၅၃၄ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပြီးဖြစ်၍ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အလုပ်အကိုင် ၄၈ မျိုးအတွက် ဖြေဆိုသူ ၅၀၀၀ စစ်ဆေးအကဲဖြတ်ရန် လျာထားကြောင်း။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ အလုပ်အကိုင်ငါးမျိုးအတွက် ကျွမ်းကျင်လုပ်သား ၄၀၃ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်နိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အသိအမှတ်ပြု Trade Wind Training Center သို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လပွတ္တာမြို့နယ်၌ ခရိုင်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်း ဖွင့်လှစ်



လပွတ္တာ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ၃ မိုင်မြို့ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ဇန်နဝါရီ ၂၉ရက်မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းကို ဆက်လက်သင်ကြား လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

## သင်ကြားပို့ချ

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ပြီး လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဖြင့် ကွဲခိုင်ရေးလေ့ကျင့်ခန်း၊ ကြိုးချည်နည်း၊ ရေတွင်းအသက်ကယ်ဆယ်နည်း၊ မျောက်ကူးနည်းစနစ်၊ ပက်လက်ကူးနည်းစနစ်၊ ရှဥ့်ကူးနည်းစနစ်၊ နှစ်ယောက်တွဲကြိုးဆင်းခြင်း၊ ဇောက်ထိုးဆင်းခြင်း၊ ခုန်ဆင်းနည်းစနစ်များ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ခြင်းများကို ဇန်နဝါရီ ၃၁ ရက်က ချောင်းဆုံမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုအနာဂတ်အတွက် မလွဲမသွေလုပ်ဆောင်ရမည့်အရာ

ခင်ရတနာ

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ ဖြစ်သည်။ ယခုနှစ်ဆိုလျှင် ပြည်ထောင်စုနေ့ ဖြစ်တည်လာခဲ့သည်မှာ ၇၇ နှစ် တိုင်ခဲ့ပြီ။



ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ။

ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့်အခါ ရေရှည်အုပ်ချုပ်ခွင့်ရရှိစေရန် တိုင်းရင်းသားများကို သွေးခွဲအုပ်ချုပ်ခဲ့သည်။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးပရိယာယ်ကြောင့် တိုင်းရင်းသားအချင်းချင်း သံသယများဖြင့် ရင်းနှီးမှုအားနည်း၊ သွေးကွဲခဲ့ရသည်။ အင်္ဂလိပ်တို့ သိမ်းပိုက်ခံရသည့် မူလနှစ် ၇၀ ဝန်းကျင်အထိ မြေပြန့်သားနှင့် တောင်တန်းသားတို့ တစ်ကြိမ်မျှပူးပေါင်း၍ လွတ်လပ်ရေးကို မကြိုးပမ်းခဲ့ဖူးကြ။ ဖက်ဆစ်ကို တော်လှန်ကြမှသာ တိုင်းရင်းသားအားလုံးပေါင်းစည်းမိသည်။ ထိုမှတစ်ဖန် အင်္ဂလိပ်ကို တော်လှန်ခဲ့ကြချိန်တွင်တော့ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ရှိခဲ့သည်။ သို့သော် တစုတစည်းတည်း လွတ်လပ်ရေးရရှိလာခဲ့ခြင်းသည် လွယ်ကူသည့်ခရီးတော့မဟုတ်ခဲ့။ ခက်ခဲကြမ်းတမ်းလှသည်။

တစ်ခုသော ဆောင်းရာသီ၊ ကာလအားဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလအတွင်းက ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဗြိတိန်သို့ ရောက်ရှိပြီး တောင်တန်း/ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးအတွက် တောင်းဆိုနေစဉ် ပြည်တွင်းမှာရော၊ ပြည်ပမှာပါ မြန်မာနိုင်ငံက တောင်တန်းသားနှင့် မြေပြန့်သားတို့ အစေးမကပ်သယောင် ဝါဒဖြန့်မှုများ ပျံ့နှံ့ခဲ့သည်။ မြန်မာပြည်တွင် ကျန်ရစ်သည့်ခေါင်းဆောင်များက တောင်တန်းဒေသများကို အလျင်အမြန်သွားရောက်ကာ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးအတူတကွ အရယူနိုင်ရေး စည်းရုံးရသည်။ ဗြိတိန်သို့ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မစ္စတာ အက်တလီတို့ ချုပ်ဆိုသည့် အောင်ဆန်း-အက်တလီစာချုပ်အရ ဗြိတိသျှတို့က ပရိယာယ်အပြည့်ဖြင့် ရေးသားထားသည်ကို မြင်တွေ့ရပြီး လွတ်လပ်ရေးပေးရာတွင် တောင်တန်းသားများက ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူပါက အတူတူလွတ်လပ်ရေးပေးမည်၊ အကယ်၍ ပြည်မနှင့်ပူးပေါင်းရေးကို တောင်တန်းသားများ သဘောမတူပါက သူတို့ဆန္ဒအတိုင်း ဖြစ်စေရမည်ဟူသည့် သဘောသက်ဝင်သည့်စာချုပ် ဖြစ်သည်။

ဗိုလ်ချုပ်နှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၂ ရက်နေ့ ဗြိတိန်မှ ပြန်လည်ရောက်ရှိသည်နှင့်တစ်ပြိုင်နက် တိုင်းရင်းသားများအားလုံး တညီတညွတ်တည်း လွတ်လပ်ရေးရရှိခံစားနိုင်စေရန်အတွက် လုံ့လစိုက်ထုတ်ခဲ့ရာ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ပင်လုံညီလာခံကြီးတွင် ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦးတို့က ပြည်မနှင့် တောင်တန်းခွဲခြားမှုမရှိ မြန်မာတိုင်းရင်းသားပေါင်းစုံ ပူးပေါင်းရန် သဘောတူညီသည့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တစ်ပြည်ထောင်လုံးရှိ တိုင်းရင်းသားပေါင်းစုံ၏ သွေးစည်းညီညွတ်မှုကို ပြသသည့် ထိုတစ်နေ့မှာ မိမိတို့နိုင်ငံ၏ အလေးအမြတ်ပြုရာ ပြည်ထောင်စုနေ့ ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ဗြိတိသျှအစိုးရသည်လည်း ကတိအတိုင်း ပြည်မတောင်တန်းဒေသအားလုံးကို တစ်ပြိုင်တည်း လွတ်လပ်ရေးပေးအပ်ခဲ့ရသဖြင့် မိမိတို့ ယနေ့တိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့ခြင်းမှာ ပြည်ထောင်စုနေ့တွင် အုတ်မြစ်ချလက်တွဲခဲ့ခြင်း၏ အကျိုးရလဒ်ပင် ဖြစ်ပါသည်။

## ပြည်ထောင်စုအနှစ်သာရ ပျောက်ဆုံးနေပြီလား

မိမိတို့နိုင်ငံသည် ပဋိပက္ခများနှင့် မတည်ငြိမ်မှုအကြား ရုန်းမထွက်နိုင်သေး။ ထိုအရာများက အရိပ်ပမာ အုပ်မိုးထားသဖြင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး စသည့် တိုင်းသူပြည်သားတို့၏ အရေးကိစ္စမှန်သမျှတို့ လောင်းရိပ်မိကာ ညှိုးနွမ်းကြရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၈ ခုနှစ် မတ်လအတွင်းမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည့်အတွက် လွတ်လပ်ရေးရရှိပြီး သုံးလအတွင်းမှာ ပြည်တွင်းစစ်မီး စတင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော် အချင်းချင်း တိုက်ခိုက်ရင်း၊ စွပ်စွဲပြစ်တင်ရင်းဖြင့်သာ အချိန်တွေကုန်ခဲ့ရသည်။ ထိုသို့ ငြင်းခုံဝေဖန်ပြစ်တင်ရင်း အချိန်ကုန်ခံရမည့်အစား မတူကွဲပြားမှုများကို စုစည်းညီညွတ်လိုက်ခြင်းသည်သာ ပဋိပက္ခနှင့် မတည်ငြိမ်မှုများမှ လွတ်မြောက်မည်ဖြစ်ပါသည်။ ထို့အတွက် ပါဝင်ပတ်သက်သူတို့၏ ဉာဏ်ရည်၊ နှလုံးရည်၊ ယုံကြည်ချက်တို့ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းတည်ငြိမ်ခြင်းသို့ ရှေးရှုတည်ဆောက်စေလိုပါသည်။

> **တိုက်ပွဲတိုင်းတွင် အပြစ်မဲ့ပြည်သူတို့၏ စိတ်နှလုံးကို စတေးကြရသည်ချည်းဖြစ်သည်။ မိခင်မဲ့သွားသည့် သားသမီးများ၊ အသက်မဲ့သွားသည့် စာသင်ကျောင်းများ၊ အသက်ဘေးကြောင့် စစ်ဘေးရှောင်စခန်းများတွင် ရာသီဥတုဒဏ်၊ ပိုးဒဏ်၊ လက်နက်ကြီးဒဏ် စသည့် ဒဏ်ရာဒဏ်ချက်များကို အန်တုရင်ဆိုင်နေကြရသူများသည် မိမိတို့၏ တိုင်းရင်းသားပြည်သူများပင်ဖြစ်**

လက်ရှိတွင် နိုင်ငံအတွင်း ဝါဒကွဲ၊ အယူအဆကွဲပြားမှုများအပြင် ပြည်တွင်း၊ ပြည်ပ အဖျက်သမား၊ နိုင်ငံ့သစ္စာဖောက်များကြောင့် ပြည်တွင်းမငြိမ်သက်မှု၊ တိုက်ပွဲများ ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံရေးကို ဘက်ပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ခြယ်လှယ်လိုသည့် ပြည်ပနိုင်ငံများ၏ ထိုးနှက်မှုကိုလည်း မကြာခဏ ပြန်လည်ဖြေရှင်းနေရသည်။

တိုင်းပြည်အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများကို လေ့လာကြည့်သည့်အခါ မဲလိမ်မဲခိုးခြင်းမှသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ပြေလည်အောင် မဆောင်ရွက်ခြင်းမှအစပြု၍ လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့် နည်းလမ်းဖြင့် လုပ်ဆောင်စေရန် သွေးထိုးမြှောက်ပင့်ပေးနေသည့် CRPH, NUG စသည့် နိုင်ငံ့သစ္စာဖောက် အကြမ်းဖက်သမားများကြောင့် လည်းကောင်း၊ အမှားနှင့် အမှန်ကို ခွဲခြားမမြင်နိုင်သည့် လူငယ်အကြမ်းဖက်သမား PDF တို့ကြောင့်လည်းကောင်း၊ မိမိတို့အကျိုးစီးပွားအလို့ငှာ လက်နက်မစွန့်နိုင်ကြသည့် ပြည်နယ်အချို့မှ တိုင်းရင်းသားလက်နက်ကိုင်တို့ကြောင့် လည်းကောင်း ယခုကဲ့သို့ ပြည်တွင်းစစ်မီး ရှည်ကြာစွာ တောက်လောက်နေရသည်။

ပြည်နယ်အများစုတွင် သစ်တောများ၊ သယံဇာတများကို တရားမဝင်ထုတ်ယူတူးဖော်နေကြသည့် အမည်ခံလက်နက်ကိုင်အဖွဲ့အစည်းများ၊ မူးယစ်ဆေး၊ တရားမဝင်ငွေကြေးဈေးကွက်နှင့် လိမ်လည်မှုများ၊ လက်နက်မှောင်ခိုရောင်းဝယ်ဖောက်ကားခြင်းများ စသည့် ဒုစရိုက်မှုအသီးသီးတို့ကို ဖော်ဆောင်ရင်း နယ်မြေ ထိန်းသိမ်းစောင့်ရှောက်ပေးနေသယောင် လက်နက်ကိုင်အသီးသီးတို့သည် ပြည်ထောင်စုအတွက် အမိုက်သရိုက်များပင် မဟုတ်ပါလား။

**တိုက်ပွဲတိုင်းတွင် အပြစ်မဲ့ပြည်သူတို့၏ စိတ်နှလုံးကို စတေးကြရသည်ချည်းဖြစ်သည်။ မိခင်မဲ့သွားသည့် သားသမီးများ၊ အသက်မဲ့သွားသည့် စာသင်ကျောင်းများ၊ အသက်ဘေးကြောင့် စစ်ဘေးရှောင်စခန်းများတွင် ရာသီဥတုဒဏ်၊ ပိုးဒဏ်၊ လက်နက်ကြီးဒဏ် စသည့် ဒဏ်ရာဒဏ်ချက်များကို အန်တုရင်ဆိုင်နေကြရသူများသည် မိမိတို့၏ တိုင်းရင်းသားပြည်သူများပင် ဖြစ်ပါသည်။**

မိမိတို့နိုင်ငံတွင် အဓိကတိုင်းရင်းသားလူမျိုး ရှစ်မျိုး၊ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးခန့်ရှိကြပြီး တိုင်းရင်းသားလူမျိုးအားလုံး သာတူညီမျှအခွင့်အရေး ရရှိခံစားခွင့်ရှိသကဲ့သို့ မိမိတို့နိုင်ငံ၏ လျှောက်လှမ်းနေသည့် နိုင်ငံရေးစနစ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ တိုင်းရင်းသားအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရန်အတွက် ပြည်တွင်းစစ်မီးများ ချုပ်ငြိမ်းရေးမှာ ပြည်သူများ အလိုလားအတောင့်တဆုံး ဆန္ဒတစ်ရပ်ပင် ဖြစ်သည်။

## ငြိမ်းချမ်းရေးနှင့်အတူ ရှာဖွေကြရမည့် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတစ်နိုင်ငံ တည်ရှိမှုသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာတည်သည်။ ငြိမ်းချမ်းသာယာသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ဝယ် အရှိန်အဟုန်မပြတ် ရှေ့ဆက်နေကြသည်။ ငြိမ်းချမ်းသောနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများသည်လည်း အလိုအလျောက် ဂုဏ်သိက္ခာရှိနေကြသည်။ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာသည် ကမ္ဘာ့အလယ်တွင် မြင့်မားနေစေရန် ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့လိုသည်။ ငြိမ်းချမ်းပြီးနောက် အလိုအပ်ဆုံးအရာသည် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးနှင့် သုတေသနလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် အလွန်အရေးကြီးသည်ဟု ယူဆမိပါသည်။

ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းကြခြင်းနှင့်အတူ ဒေသအသီးသီး၊ ကဏ္ဍအသီးသီးတို့တွင် သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးမှုကို အလျင်အမြန် ရရှိနိုင်မည်ဖြစ်သည်။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့် နိုင်ငံအတွက် အရေးကြီးသည့် ကဏ္ဍတိုင်းတွင် သုတေသနလုပ်ငန်း ရလဒ်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ဖြင့် နိုင်ငံကို အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။ **စာမျက်နှာ ၉ သို့** ◆

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်နှင့် ရိုးရာအစားအစာ ခင်းကျင်းပြသရောင်းချနိုင်ရေး ဆိုင်ခန်းများတည်ဆောက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်းအတွင်း၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများနှင့် ပတ်သက်၍ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပကိုတင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်နှင့် ရိုးရာအစားအစာ ခင်းကျင်းပြသ ရောင်းချနိုင်ရေးအတွက် ဆိုင်ခန်းများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ခင်းကျင်းပြသ**

အဆိုပါ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထွက်ရှိသည့် MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းရောင်းချပွဲကို နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ MSME တန်ဖိုးမြင့်ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များအပါအဝင် OROP ထုတ်ကုန်များနှင့် ဒေသထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ပြည်ပပို့ကုန်ရရှိရေးအတွက် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သတင်းအချက်အလက်များ ဖလှယ်ရယူနိုင်ရေးနှင့် ညှိနှိုင်းပေါင်းစပ်နိုင်ရေး ဆောင်ရွက်ရန်၊ အမျိုးဂုဏ် ဇာတိဂုဏ် တိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေပြီး သက်ဆိုင်ရာ ဒေသအလိုက် ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့် ဒေသထွက်ရိုးရာလက်မှုပညာ ပစ္စည်းများကိုလည်း ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ဒေသထွက်ရိုးရာ အစားအစာများကို ပြည်ထောင်စု၏ အနှစ်သာရပြည့်စုံစွာဖြင့် တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်အတွက် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက် အထိ ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လှည်းကူးမြို့နယ်၌ နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်

**လှည်းကူး ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးချေးငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ခရောင်ကျေးရွာ ရွာလယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦး က သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိဒေါ်မြင့်မြင့်ဆွေတို့က နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်း ခြောက်သင်းမှ အသင်းသားတောင်သူ ၂၁၅ ဦး၊ နွေစပါးစိုက်ဧက ၁၃၁၄ ဧကအတွက် ငွေကျပ် ၂၁၆ ဒသမ ၅၆၉ သန်းနှင့် ညီမျှသော သွင်းအားစုများကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်လွင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက်ရှိ နေအိမ်များသို့ကွင်းဆင်း၍ နေအိမ်များအတွင်း မီးငြိမ်းသတ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဇန်နဝါရီ ၃၀ ရက်တွင် မြို့နယ်အတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများနှင့်ပတ်သက်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

**ညီညွတ်မှုဖြင့် ရှေ့သို့ချီ**
**ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ။**

◆ စာမျက်နှာ ၈ မှ

အောင်မြင်သည့် နိုင်ငံတိုင်းတွင် သုတေသနလုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြပြီး သုတေသနလုပ်ငန်းအတွက် ငွေကြေးကုန်ကျခံ ဆောင်ရွက်ခြင်းဖြင့် မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိခြင်း၊ အရေးကြီးသည့် အချက်အလက်အကြောင်းအရာများကို စမ်းသပ်သိရှိနိုင်ခြင်း၊ အယူအဆသစ်များ ချမှတ်နိုင်ခြင်းတို့ကို အလွယ်တကူ ပြုလုပ်နိုင်ကြသည်။ သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်ခြင်းဖြင့် ထိုနိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ တစ်ဟုန်ထိုး မြင့်မားလာနိုင်ကြောင်း လေ့လာဆန်းစစ်သူများက တညီတညွတ်တည်းပြောဆိုထားကြသည်။

> **သုတေသန၏ အကျိုးရလဒ်အနေဖြင့် မိမိတို့ နေ့စဉ်အသုံးပြုနေသည့် အသုံးအဆောင်အားလုံးကို ပြည်ပမှ ဝယ်ယူတင်သွင်းရခြင်းကို များစွာသက်သာခွင့်ရရှိနိုင်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့ ပြည်တွင်းထွက်ကုန်များ တင်ပို့ရာတွင်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သီးနှံအလိုက် ဈေးကွက်သုတေသနစာတမ်းများဖြစ်သည့် ကြက်သွန်ဖြူ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဆန်စပါး၊ မျိုးစေ့၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နေကြာ၊ ကော်ဖီ အစရှိသည်တို့မှ တောင်သူများနှင့် သီးနှံတင်ပို့ရောင်းချသူများအတွက် သတင်းအချက်အလက်များရရှိပြီး ပြည်ပသို့တင်ပို့ရာတွင် များစွာအထောက်အကူဖြစ်စေသည်ကို မြင်တွေ့ရသည်။ ထို့အတူ နိုင်ငံတကာမှ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ သုတေသနများကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ဈေးကွက်လိုအပ်ချက်၊ ဝယ်လိုအားနှင့် အလားအလာ မျှော်မှန်းချက်များကို တွက်ဆနိုင်**

သုတေသန၏ အကျိုးရလဒ်အနေဖြင့် မိမိတို့ နေ့စဉ်အသုံးပြုနေသည့် အသုံးအဆောင်အားလုံးကို ပြည်ပမှ ဝယ်ယူတင်သွင်းရခြင်းကို များစွာသက်သာခွင့်ရရှိနိုင်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့ ပြည်တွင်းထွက်ကုန်များ တင်ပို့ရာတွင်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သီးနှံအလိုက် ဈေးကွက်သုတေသန စာတမ်းများဖြစ်သည့် ကြက်သွန်ဖြူ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဆန်စပါး၊ မျိုးစေ့၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နေကြာ၊ ကော်ဖီ အစရှိသည်တို့မှ တောင်သူများနှင့် သီးနှံတင်ပို့ရောင်းချသူများအတွက် သတင်းအချက်အလက်များ ရရှိပြီး ပြည်ပသို့တင်ပို့ရာတွင် များစွာ အထောက်အကူဖြစ်စေသည်ကို မြင်တွေ့ရသည်။ ထို့အတူ နိုင်ငံတကာမှ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ သုတေသနများကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ဈေးကွက်လိုအပ်ချက်၊ ဝယ်လိုအားနှင့် အလားအလာ မျှော်မှန်းချက်များကို တွက်ဆနိုင်သည်။

ထို့ကြောင့်ပင် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုသို့ အလျင်မြန်ဆုံး တက်လှမ်းနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် သုတေသန ဆောင်ရွက်ချက်များမှ တစ်ဆင့် ထုတ်ကုန်များကို ကိုယ်တိုင်ထုတ်လုပ်ခြင်းမှသည် တီထွင်စွမ်းအားများ ရင့်သန်ကာ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရာရောက်သကဲ့သို့ နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းပေါများမှု၊ တိုင်းရင်းသားပြည်သူများ ချမ်းသာကြွယ်ဝမှုများဆီအထိ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

မိမိတို့တိုင်းရင်းသားလူမျိုးအားလုံးသည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ကြရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုနေ့ကို သက်သေအရာထားကာ လွတ်လပ်ရေးအောင်ပန်းကို အရယူနိုင်ခဲ့ကြပါသည်။ သို့သော် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအားလုံးညီညွတ်စွာဖြင့်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေးအတွက်မူ အဟန့်အတားနှင့် စိန်ခေါ်မှုများစွာတို့ ရင်ဆိုင်နေရဆဲပင်။ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ပြည်သူများ ရရှိထားသည့် ဒဏ်ရာဒဏ်ချက်များကို အပြန်ပြန်အလှန်လှန် ဆန်းစစ်ကြရင်း စစ်ပွဲများ အပြီးတိုင်ရပ်တန့်ခြင်းဖြင့် ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းအတိ ပြီးပြည့်စုံသည့် အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထုဆစ်ပုံဖော်ဖို့ အချိန်အခါပင်ဖြစ်ပါကြောင်း။ ။

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အခက်အခဲများနှင့် ကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ အမြန်ပြန်လည်ပို့ဆောင်ပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် အီရတ်နိုင်ငံရှိ အာဏာပိုင်များနှင့်ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ အီရတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများသည် ဖေဖော်ဝါရီ ၁ ရက်က ဘဂ္ဂဒက်မြို့မှ ဘဂ္ဂဒက်-ဒူဘိုင်းလေယာဉ်ခရီးစဉ်ဖြင့် ဒူဘိုင်းသို့ထွက်ခွာခဲ့ပြီး ယနေ့တွင် ဒူဘိုင်းမှ ဒူဘိုင်း-ဗန်ကောက် လေယာဉ်ခရီးစဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိခဲ့ကာ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည့် မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရခိုင်အမျိုးသားကွန်ရက်အဖွဲ့တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိလာသော အီရတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများမှာ မဟန်နီထွန်း၊ မမြတ်အေးစံ (ခ)ဝေဝေ၊ မသန်းနွယ်ငွေးတို့ သုံးဦးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတော်အစိုးရက ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသားတို့၏ ဝမ်းသာပီတိရင်တွင်းစကားသံများ

**နိုင်ငံတော်အနေဖြင့် ပြည်ပတွင်ရောက်ရှိနေကြသည့် အမိနိုင်ငံသားများ အခက်အခဲများကြုံတွေ့နေရပါက မည်သို့သောအခြေအနေသို့ ရောက်ရှိနေသည့်တိုင် မိမိတို့နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားပြီး ကယ်တင်ခြင်း၊ ပြန်လည်ခေါ်ဆောင်ခြင်းတို့ကို မြန်မာသံရုံးနှင့် သက်ဆိုင်ရာ နိုင်ငံသံရုံးများချိတ်ဆက်၍ မြန်မာနိုင်ငံသို့ မိမိတို့နိုင်ငံသားများ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အစ္စရေးနှင့် ဟားမားစ်တို့ ပဋိပက္ခအတွင်း ပိတ်မိခဲ့ကြသည့် မြန်မာနိုင်ငံသားများကို အချိန်မီကယ်တင်နိုင်ခဲ့သည့်နည်းတူ အီရတ်နိုင်ငံ၌ အကျပ်အတည်းများအတွင်း ပိတ်မိနေကြသော မြန်မာနိုင်ငံသားများကိုလည်း နိုင်ငံတော်၏ စေတနာဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဘဂ္ဂဒက်-ဒူဘိုင်း-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြရာ တာဝန်ရှိသူနှင့် ပြန်လည်ရောက်ရှိလာကြသူတို့၏ ဝမ်းသာပီတိ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-

**ဒေါ်ဝေဝေလတ်(ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး)**

ကျွန်မတို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေနဲ့ လုပ်ငန်းငါးရပ်ကို ဆောင်ရွက်နေပြီး အခုလို အီရတ်နိုင်ငံက ပြန်လာတဲ့ နိုင်ငံသားသုံးဦးဟာလည်း ကျွန်မတို့ရဲ့ နိုင်ငံသားတွေဖြစ်တဲ့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေနဲ့ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။



မဟန်နီထွန်း



မမြတ်အေးစံ



မသန်းနွယ်ငွေး

**မဟန်နီထွန်း(စစ်တွေမြို့)**

ကျွန်မက စစ်တွေမြို့ကပါ။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မှာ အလုပ်လုပ်ဖို့ သွားရောက်ခဲ့တာပါ။ ဟိုမှာ အခက်အခဲမျိုးစုံ ရင်ဆိုင်နေရတဲ့အတွက် အမိနိုင်ငံကို အလွန်ပြန်ချင်ပါတယ်။ ပြန်ဖို့လည်းအခက်အခဲတွေရှိနေချိန်မှာ မြန်မာနိုင်ငံသံရုံးနဲ့ မြန်မာနိုင်ငံက တာဝန်ရှိသူတွေက ခရီးစရိတ်အကုန်အကျခံပြီး ပြန်လည်ခေါ်ဆောင်ပေးမှုကို အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ အခုလို ကျွန်မတို့ ပြည်ပနိုင်ငံမှာ အခက်အခဲကြုံတွေ့နေရချိန် ပြန်လည်ခေါ်ဆောင်ပေးတာကို ဖော်မပြတတ်အောင် ကျေးဇူးအထူးတင်ပါတယ်လို့ပြောကြားရင်း လက်ဆယ်ဖြာမိုးပြီး ကန်တော့ပါတယ်။ နိုင်ငံတော်ကလူကြီးတွေရဲ့ ကျေးဇူးကြောင့်သာ ပြန်လည်ရောက်ရှိနိုင်ခဲ့တာပါ။ ရင်ထဲက လှိုက်လှိုက်လှဲလှဲကို ကျေးဇူးအထူးတင်ပါတယ်ရှင်။

**မမြတ်အေးစံ(ပုဏ္ဏားကျွန်းမြို့)**

ကျွန်မ ရန်ကုန်လေဆိပ်ကို လေယာဉ်ဆင်းလာချိန်မှာ ရင်ထဲဝမ်းနည်းဝမ်းသာခံစားရပြီး မျက်ရည်လည်း ဝဲရပါတယ်။ မြန်မာနိုင်ငံနဲ့ မိမိဒေသကို ပြန်ရောက်လိမ့်မယ်လို မထင်ထားပါဘူး။ မိဘဆွေမျိုးတွေနဲ့ ပြန်တွေ့ရလိမ့်မယ်လို့လည်း မထင်ထားပါဘူး။ အီရတ်နိုင်ငံမှာ အလွန်ဒုက္ခရောက်ပါတယ်။ ရင်ထဲနက်နက်ရှိုင်းရှိုင်းပြောချင်တာတစ်ခုက မြန်မာနိုင်ငံက လူကြီးတွေအားလုံး၊ သံရုံးကဆရာ ဆရာမများနဲ့ ကျွန်မတို့ကို လာရောက်ကြိုဆိုကြတဲ့ ဆရာ ဆရာမများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

**မသန်းနွယ်ငွေး(မြောက်ဦးမြို့)**

ကျွန်မက ဒူဘိုင်းမှာအလုပ်လုပ်တာပါ။ ဒူဘိုင်းကနေ အီရတ်မှာပြောင်းပြီး အလုပ်လုပ်ပါတယ်။ အီရတ်နိုင်ငံမှာ အခက်အခဲတွေကြုံရပြီး မြန်မာနိုင်ငံလို စိတ်ထားမျိုးမရှိတဲ့အတွက် ပိုပြီးခံစားရပါတယ်။ အခုလိုနိုင်ငံတော်စရိတ်နဲ့ ပြန်လည်ခေါ်ဆောင်ပေးလို့သာ ကျွန်မတို့ပြန်ရောက်ခဲ့တာပါ။ နိုင်ငံတော်က လူကြီးတွေ၊ မြန်မာသံရုံးက ဝန်ထမ်းတွေနဲ့ ကျွန်မတို့ကို ကူညီဆောင်ရွက်ပေးသူအားလုံးကို ဒီနေရာကနေ ကန်တော့ပါတယ်။ ကျေးဇူးလည်း အတိုင်းမသိတင်ပါတယ်ရှင်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အမှတ်(၇)ရပ်ကွက်၌ ဇန်နဝါရီ ၃၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၏ ကြီးကြပ်မှုဖြင့် ဒုမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)





မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁ ရက်တွင် နေအိမ်များ၊ စက်ရုံအလုပ်ရုံများ၊ ဈေးများ၊ စာသင်ကျောင်းများ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးစဉ်။

ကျိုက်ထို(ပြန်/ဆက်)

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁ ရက်က အထက(ဘီးလင်း)၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများကိုယ်တိုင် မီးငြိမ်းသတ်နိုင်ရေး လက်တွေ့သရုပ်ပြသစဉ်။

မြို့နယ်(ပြန်/ဆက်)



**ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။**

## အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းနည်းစနစ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂



အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းနည်းစနစ် သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပသည်။

ဦးစွာ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လူမှုဝန်ထမ်းစိတ်ဓာတ်အခြေခံကောင်းများ ခိုင်မာပြည့်ဝသည့်တပ်ဖွဲ့ဝင်များဖြစ်၍ ယခုလိုဆေးပညာရပ်များကို ထပ်ဆင့်သင်ကြား လေ့ကျင့်ပေးနိုင်ခြင်းဖြင့် ပြည်သူလူထုကို ပိုမိုအလုပ်အကျွေး ပြုနိုင်သူများဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ အဆိုပါဆေးပညာရပ်များသည် မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ ကျရောက်ရာ နေရာတို့၌ ဒဏ်ရာရလူနာများအား ဆေးရုံဆေးခန်းများသို့မရောက်မီ မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သော ရှေးဦးဆေးဝါးကုသမှုတို့ကို ပြုစုလုပ်ဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ၏အကျိုးကို စွမ်းစွမ်းတမံ စွမ်းဆောင်ခြင်းဖြင့် အနာဂတ်ကာလ၌ ကြုံတွေ့နိုင်သော မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို အောင်မြင်စွာကျော်ဖြတ်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ဆေးရုံကြီး တပ်မှူးက သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားသင်တန်းသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး ဒုတိယတပ်မှူးက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း နည်းစနစ်သင်တန်းကာလအတွင်း လှုပ်ရှားဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video Clip ကို ပြသပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မီးသတ်ဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ တပ်မတော် ဆေးရုံကြီးများမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ အရာရှိကြီးများ၊ နည်းပြဆရာဝန်များနှင့် သူနာပြုအရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါသင်တန်းအား ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် အထိ သင်တန်းကာလ ၁၂ ပတ်တာ စာတွေ့နှင့် လက်တွေ့ဘာသာရပ်များကို သင်တန်းသား သင်တန်းသူ ၃၉ ဦးအား သင်ကြားပေးခဲ့သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအပြင် အခြားသဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ဖြစ်ပွားစေတတ်သော ဘေးအန္တရာယ် တစ်မျိုးမျိုးတို့ ကျရောက်လာပါက နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင် များနည်းတူ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များအပြင် ပြည်သူလူထုအပေါ် အရေးပေါ် ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း (Emergency Medical Services–EMS)ဝန်ဆောင်မှုတို့ဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၌ ပိုမိုတွင်ကျယ်စွာ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သစ္စာ(mna)
ဓာတ်ပုံ– ဖွဲ့မာန်

## မအူပင်မြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်ကျွမ်းကျင်ပြိုင်ပွဲ ကျင်းပ



မအူပင် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ Brave Heart Team ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်ကျွမ်းကျင်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မအူပင်ခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပြည်သူများ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်နိုင်စေရန် ရည်ရွယ်၍ Brave Heart Team ရှာဖွေကယ်ဆယ်ရေးသင်တန်းသားများကို မျှော်စင်ကြိုးတက်ကြိုးဆင်းနှင့် ပိတ်မိနေသောလူနာများအားရှာဖွေကယ်ဆယ်ရေးအတွက် စံချိန်သတ်မှတ်၍ အဖွဲ့ငါးဖွဲ့ဖြင့် ယှဉ်ပြိုင်စေခဲ့ရာ စံချိန်အကောင်းဆုံးရရှိသော အဖွဲ့အား ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမိုးထွန်းက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သာသနိက အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများကို ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးသန်းဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းနေလွင်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်နှင့်တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၆)ရပ်ကွက်အတွင်းရှိ နေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် မီးလောင်မှုမဖြစ်ပွားစေရန် မြို့နယ်မီးသတ်ဦးစီးဌာနဒုတိယမီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်၍ နေအိမ်များအတွင်း မီးဘေးလုံခြုံရေးကို ဇန်နဝါရီ ၃၁ ရက် ကြည့်ရှုစစ်ဆေးစဉ်။

ဝင်းဗိုလ်(မြန်အောင်)



## ပြည်ထောင်စုအောင်သံ

✧ တစ်ယောက်တည်းအား၊ ပေါင်းစုအားတို့
ခြားနားမှုလျှင်၊ ပြက်ပြက်ထင်မို့
ရင်လှာပိုက်စွဲ၊ စဉ်အမြဲလျှင်
ချွတ်လွဲမရှိ၊ ကျင့်ကြံဘိသော်
ထိပါးရန်သူ၊ ကျူးလိုသူကို
လွယ်ကူဖြိုခွင်း ရန်မြူရှင်း...။

✧ မျိုးတူရာစု၊ အင်အားစုဖြင့်
ထုထည်ခိုင်ဖြိုး၊ ရှိန်ဝါကြီးသော်
ဝေးနီးချောင်းမြောင်း၊ ရန်အပေါင်းကို
ထောင်းထောင်းညက်ကြေ၊ နောင်ကြဉ်လေအောင်
ချေဖျက်နိုင်ကြ၊ သာဓကလျှင်
သုံးချနည်းယူ၊ ဖျက်ရန်သူကို
လွယ်ကူနှိမ်နင်း၊ ရန်မာန်ရှင်း...။

✧ အကယ်စင်ကား၊ ညီနောင်များတွင်
များပြားလှစွာ၊ သင်ခန်းစာတို့
ရင်လှာမှတ်စွဲ၊ ရှိနေဆဲမင့်
အေးခဲမေ့လျော့
ပေါ့ဆစွာလျှင်၊ မဆင်ခြင်မှု
မထင်ဖြိုးဖျပ်၊ ဆုံးရှုံးတတ်သည်
လွတ်လပ်ရေးလည်း ပျောက်လွင့်ဝဲ..။
ပြန်လည်ရဖို့ လွန်ခက်ခဲ...။

✧ ပဝေရှေးမှ၊ ခုကာလထိ
ညွှန်းပြလောက်စွာ၊ တူမကွာလျှင်
မေတ္တာတုံ့နှင်း၊ နောင်ညီရင်းတို့
လက်ချင်းယှက်လျက်၊ ဘုန်းရှိန်ထက်သော်
လွင့်တက်အောင်လံ၊ အောင်တေးသံတို့
နဘံထက်တိုင်၊ ပဲ့တင်လှိုင်သည်
နိုင်ငံတို့ကြား လွန်ခံ့ညား...။
ပြည်ထောင်စုကြီး ဂုဏ်မြင့်မား...။

✧ "ညီညွတ်ခြင်း"သည်၊ "အင်အား"မည်မို့
ခိုင်ကျည်လက်တွဲ၊ ချိတ်ဆက်မြဲပြီ
သင်လည်းပါဝင် အားဖြည့်လှမ်း...။
ပြည်ထောင်စုကြီး အောင်သံလွှမ်း...။ ။

မောင်စိမ်းနောင်(လယ်ဝေး)

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ခြင်းလုံးခတ်ပညာသည် မြန်မာလူမျိုးများ၏ မူပိုင်အားကစားတစ်ရပ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အလယ်တွင် ခြင်းလုံးပညာကို ပြိုင်ပွဲအသွင်နှင့် နည်းစနစ်မှန်ကန်စွာ ခတ်ကစားပြသခဲ့ပြီး ဆက်လက် တိုးတက်ပြန့်ပွားနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်ကလည်း လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းဆရာများက သင်ကြားပို့ချပေးသည့် စာတွေ့/လက်တွေ့ သင်ခန်းစာများကို ဂရုတစိုက် လေ့လာမှတ်သားလိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ ၉ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ သင်တန်းသား သင်တန်းသူ ၄၈ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး သရက်မြို့၌ စက်သုံးဆီဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိမှု အခြေအနေများကို ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးနှင့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၃၁ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ဇော်ထက်(သရက်)

❖ ရှမ်းယူနိုက်တက်အသင်းမှ

ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် နည်းပြချုပ်သစ်အဖြစ် နာမည်ကြီးဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်ထားသလို ပြည်တွင်းကစားသမားများဖြစ်သည့် စအောင်ပြည့်ကို၊ ကောင်းမြတ်သူနှင့် သက်ဝေမိုးတို့ကို ခေါ်ယူထားပြီးဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-SUFC**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အတွက် Logo Design ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးခြင်း

၁။ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) (Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy -ACMECS) အဖွဲ့အတွက် Logo Design ပြိုင်ပွဲကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၃၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါပြိုင်ပွဲသို့ အသက် ၁၅ နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ Logo Design ၏ Theme မှာ "ACMECS as an adaptive and forward-looking sub-regional cooperation framework and connector with other sub-regional and regional frameworks towards a prosperous and sustainable Mekong sub-region" ဖြစ်ပါသည်။ ပြိုင်ပွဲလျှောက်လွှာများကို ACMECS Interim Secretariat ၏ အီးမေးလ် acmecs.sec@gmail.com သို့ **၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ** ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ အက်ခ်မက် Logo Design ပြိုင်ပွဲဝင်သူများ သိရှိလိုက်နာရန်နှင့် နည်းပညာဆိုင်ရာ အဓိကအချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ပြိုင်ပွဲဝင်သူသည် Logo Design ရေးဆွဲသူကိုယ်တိုင်ဖြစ်ရမည်။ Logo Design သည် မူရင်းဖြစ်ရမည်။ အငြင်းပွား/ကန့်ကွက်ဖွယ်ရာများ မပါရှိရ။ အခြားအဖွဲ့အစည်း၏ ဉာဏပိုင်ဆိုင်မှုအခွင့်အရေးကို ဖောက်ဖျက်ခြင်းမရှိရ။

(ခ) ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ACMECS Interim Secretariat တို့သည် ပြိုင်ပွဲဝင် Logo Design နှင့် ပတ်သက်သည့် မူပိုင်ခွင့်ချိုးဖောက်မှု၊ ဉာဏပိုင်ဆိုင်မှုချိုးဖောက်မှုများနှင့် ပြင်ပအဖွဲ့အစည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တာဝန်မယူပါ။

(ဂ) ဆုရရှိသည့် Logo Design သည် ACMECS Interim Secretariat ၏ ဉာဏပိုင်ဆိုင်မှုဖြစ်ပြီး ဆုရရှိသူအနေဖြင့် ဆုလက်ခံပြီးသည့်အချိန်မှစ၍ ၎င်း Logo Design နှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမှ ခံစားနိုင်မည်မဟုတ်ပါ။

(ဃ) ပြိုင်ပွဲဝင်များသည် Logo Design ကို JPEG/PNG/PDF ဖိုင်အမျိုးအစားဖြင့် ပေးပို့ရမည်။ Logo သည် High Resolution နှင့် အနည်းဆုံး 300 DPI အရွယ်အစား ဖြစ်ရမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရေးဆွဲထားသော Logo ဖြစ်ရမည်။ ပြိုင်ပွဲဝင်များသည် Logo Design ကို ရေစာ (imprint/watermark) ကဲ့သို့ ရေးဆွဲ၍မရပါ။ Logo Design သည် အရောင်ဖြင့်ဖြစ်ရမည်။

(င) ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို အချိုးအစား အတိအကျ ဖော်ပြထားသည့် Specification Sheet ဖြင့် Final Design၊ Theme Synopsis နှင့် Concept တို့နှင့်အတူ ပေးပို့ရမည်။ ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို ပြုပြင်နိုင်သော Open File Format ဖြင့်လည်း ပေးပို့ရမည်။

၄။ ပြိုင်ပွဲဝင်များအား အောက်ပါအတိုင်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင် လျှောက်လွှာများကို ACMECS Interim Secretariat မှ စိစစ်လက်ခံ၍ အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဆုရွေးချယ်ရေးကော်မတီမှ အကဲဖြတ်ရွေးချယ်မည်ဖြစ်သည်။

(ခ) ပြိုင်ပွဲဝင်လျှောက်လွှာများကို တီထွင်ဆန်းသစ်မှု၊ မူပိုင်ဒီဇိုင်းဖြစ်မှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ နည်းပညာဆိုင်ရာအရည်အသွေးပြည့်ဝမှု၊ ရိုးရှင်းမှု၊ အနုပညာဆန်မှု၊ အမြင်သင့်လျော်မှုနှင့် Logo Design ၏ Theme နှင့် လိုက်လျောညီထွေရှိမှုတို့အပေါ် အခြေခံ၍ အကဲဖြတ်သွားမည်။

(ဂ) သတ်မှတ်ချက်နှင့် မကိုက်ညီသည့် ပြိုင်ပွဲဝင်လျှောက်လွှာများကို ACMECS Interim Secretariat မှ အသုံးပြုမည်မဟုတ်ပါ။ ပြိုင်ပွဲ/ပြိုင်ပွဲဝင်လျှောက်လွှာများ/ ဆုရရှိသူများနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ ဆောင်ရွက်ရန်ကိစ္စရပ်တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုင်းနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။




၅။ ပြိုင်ပွဲလျှောက်လွှာပုံစံ (Application Form)၊ Terms and Conditions နှင့် ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို https://shorturl.at/zAJOW နှင့် ပူးတွဲကြော်ငြာချက်ပါ QR Code တို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

# မြောက်ကိုရီးယားရေတပ်အား အင်အားတောင့်တင်းသည့် ရေတပ်ဖြစ်လာစေရေးဆောင်ရွက်မည်




ပြုံယမ်း ဖေဖော်ဝါရီ ၂

မြောက်ကိုရီးယားရေတပ်၏ ရေယာဉ်နှင့် စက်ပစ္စည်းများကို ခေတ်မီအောင် ဆောင်ရွက်ရေးနှင့် အင်အားတောင့်တင်းသည့် ရေတပ်ဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ခေါင်းဆောင်ကင်ဂျုံအန်က တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ရေတပ်အင်အားခိုင်မာစေရေးသည် အရေးကြီးကြောင်း ၎င်းက ထပ်လောင်းမှတ်ချက်ပြုခဲ့သည်။ အာဏာရ အလုပ်သမားပါတီသတင်းစာ Rodong Sinmun က ကင်သည် အနောက်ပိုင်းနမ်ဖိုမြို့ရှိ သင်္ဘောကျင်းသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း ပြောကြားသည်။ ဆိုက်ကပ်ထားသော စစ်သင်္ဘောများကို ကြည့်ရှုနေသည့် ကင်၏ ဓာတ်ပုံများကို ၎င်းသတင်းစာတွင် ဖော်ပြထားသည်။ နိုင်ငံ၏ရေတပ်အင်အားကို မြှင့်တင်ခြင်းသည် အရေးကြီးဆုံးကိစ္စဖြစ်ကြောင်း ကင်အားကိုးကား၍ မီဒီယာများက ပြောကြားသည်။

ရေကြောင်းအချုပ်အခြာအာဏာကို ကာကွယ်ရေးနှင့် စစ်ရေးပြင်ဆင်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန်လိုအပ်သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။ ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ဖြန့်ကျက်ချထားမှုအတွက် အမေရိကန်ကို ၎င်းက ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။ ပြီးခဲ့သော စက်တင်ဘာလက အသစ်တည်ဆောက်ထားသော နျူကလီးယားတိုက်ခိုက်ရေး ရေငုပ်သင်္ဘောစတင်ရေချခြင်း အခမ်းအနားသို့ ကင် တက်ရောက်ခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

## ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်ကျင့်သုံးပါက အမေရိကန်အားတုံ့ပြန်မည်ဟု ဗင်နီဇွဲလား ပြောကြား

ကာရာကတ်စ် ဖေဖော်ဝါရီ ၂

အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံအား ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်ကျင့်သုံးပါက အပြန်အလှန်အားဖြင့် ပြင်းထန်သောနည်းလမ်းနှင့် တုံ့ပြန်သွားမည်ဟု ဗင်နီဇွဲလားက ယမန်နေ့တွင် သတိပေးခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းစွာနေထိုင်ရေးနှင့် တစ်ဖက်သတ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများရုပ်သိမ်းရေးအတွက် ဆောင်ရွက်ရန် အခွင့်အရေးရှိကြောင်း အမျိုးသားလွှတ်တော်အကြီးအကဲ Jorge Rodriguez က ပြောကြားသည်။

အမေရိကန်က ဆောင်ရွက်မည့် ဆောင်ရွက်ချက်များကို မိမိတို့ သတိထားစောင့်ကြည့်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရေးအတွက် ၎င်းက ဝါရှင်တန်ကို သတိပေးခဲ့သည်။

မည်သည့် ဖိအားနှင့် စွက်ဖက်မှုကိုမှ ဗင်နီဇွဲလားက လက်ခံမည်မဟုတ်သည်ကို အမေရိကန်ကသိထားသင့်သည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



## အီရန်နိုင်ငံတောင်ပိုင်း Hormozgan ပြည်နယ်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်

တီဟီရန် ဖေဖော်ဝါရီ ၂

အီရန်နိုင်ငံတောင်ပိုင်း Hormozgan ပြည်နယ်တွင် မဂ္ဂါဝပ် ၅၀၀၀ ရှိသော နျူကလီးယားဓာတ်အားပေးစက်ရုံကို ယမန်နေ့တွင် စတင်တည်ဆောက်ခဲ့ကြောင်း အီရန်ကျောင်းသားများသတင်းအေဂျင်စီ(ISNA)က ပြောကြားခဲ့သည်။

အီရန် အဏုမြူစွမ်းအင်အဖွဲ့(AEOI) အကြီးအကဲ Mohammad Eslami သည် ၎င်းဓာတ်အားပေးစက်ရုံစတင်တည်ဆောက်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် Eslami က ပြောကြားရာတွင် အီရန် Hormoz ဓာတ်အားပေးစက်ရုံအား ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံဖြင့် ပြည်တွင်းပညာရှင်များက တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးပါက အဆိုပါဓာတ်အားပေးစက်ရုံသည် နျူကလီးယားဓာတ်အား မဂ္ဂါဝပ် ၅၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၂၀၄၁ ခုနှစ်တွင် နျူကလီးယားဓာတ်အား မဂ္ဂါဝပ် ၂၀၀၀၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ISNA ၏အဆိုအရ အဆိုပါစီမံကိန်းတွင် ဓာတ်အားပေးစက်ရုံလေးရုံတည်ဆောက်မည်ဖြစ်ပြီး တစ်ရုံလျှင် ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏ မဂ္ဂါဝပ် ၁၂၅၀ ရှိကြောင်း သိရသည်။

အီရန်၏ အခြားသော နျူကလီးယားဓာတ်အားပေးစက်ရုံသည် တောင်ပိုင်း Bushehr ပြည်နယ်တွင် တည်ရှိသည်။ အဆိုပါ ဓာတ်အားပေးစက်ရုံသည် ၂၀၁၁ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏ မဂ္ဂါဝပ် ၁၀၀၀ ရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အီရတ်နိုင်ငံက ဇန်နဝါရီလအတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၃ သန်းကျော် တင်ပို့ခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံသည် ဇန်နဝါရီလတွင် ရေနံစိမ်းစည်ပေါင်း ၁၀၃ ဒသမ ၅ သန်း တင်ပို့ခဲ့ပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၂၅ ဘီလီယံ ရရှိခဲ့ကြောင်း နိုင်ငံ၏ ရေနံဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ကြေညာခဲ့သည်။



ဇန်နဝါရီလအတွင်း အီရတ်နိုင်ငံမှ ထွက်ရှိသည့် ရေနံစိမ်း၏ ပျမ်းမျှဈေးနှုန်းမှာ တစ်စည်လျှင် ၇၇ ဒသမ ၅၃ ဒေါ်လာ ရှိကြောင်း အီရတ်နိုင်ငံရေနံဝန်ကြီးဌာနက အီရတ်ကုမ္ပဏီတစ်ခုဖြစ်သည့် ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့၏ ပဏာမစာရင်းဇယားကို ကိုးကား၍ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံသည် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံတွင်းများမှ ထွက်ရှိသည့် ရေနံစိမ်းများအနက်မှ ရေနံစည်ပေါင်း ၁၀၂ သန်းခန့်ကို ဘာဆရာ ဆိပ်ကမ်းမှလည်းကောင်း၊ မြောက်ပိုင်းနီနီဗက်ပြည်နယ်ရှိ ကွာယာရာရေနံမြေမှ ထွက်ရှိသည့် ရေနံစိမ်းများအနက် ရေနံစည်ပေါင်း တစ်သန်းခန့်ကို တင်ပို့ခဲ့ကာ တစ်လအတွင်း အိမ်နီးချင်း ဂျော်ဒန်နိုင်ငံသို့ ရေနံစည်ပေါင်း ၄၆၄၃၀၆ စည် တင်ပို့ခဲ့ကြောင်း အီရတ်နိုင်ငံရေနံဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုအပေါ် အများဆုံးမှီခိုနေရပြီး ရေနံစိမ်းတင်ပို့မှုမှ ရရှိသည့်ဝင်ငွေသည် အီရတ်နိုင်ငံ ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော် ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

## ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၇ သန်းကျော်ရရှိ

ဖနောင်ပင် ဖေဖော်ဝါရီ ၂

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၇ သန်းကျော်ကို ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ယမန်နေ့တွင် ထုတ်ပြန်ကြေညာသည်။

အလုပ်အကိုင်ပေါင်း ၂၉၀၀၀ နီးပါးကို ဖန်တီးပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၂ ခုကို ပြီးခဲ့သည့်လက အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းများတွင် လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံ၊ လျှပ်စစ်စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တပ်ဆင်စက်ရုံ၊ သံမဏိစက်ရုံ၊ အထည်ချုပ်နှင့် အထည်အလိပ်စက်ရုံတို့ ပါဝင်သည်။

### ထုတ်ပြန်ချက်တွင် ဖော်ပြထား

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၇၈ ရာခိုင်နှုန်းကျော်သည် တရုတ်နိုင်ငံမှဖြစ်ပြီး စင်ကာပူနိုင်ငံမှ ၉ ဒသမ ၆၅ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှ ၅ ဒသမ ၃၄ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံမှ ၃ ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်နှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တို့သည် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုကို ဆွဲဆောင်ပေးသည့် အဓိကအချက်ပင်ဖြစ်ပါကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပင်န်ဆိုဗီချက်က ပြောကြားသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်တွင်ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Standa မီးအားမြှင့်စက် ၄၃ လုံး အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၉၅၇၁၈ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၂၉၅၇၁၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး




ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၃၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ မြို့ရှောင်လမ်းအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အားကစားဖိနပ်အရန် ၂၆၀ အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Surf တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅၄၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၃၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Walkaroo ယောကျ်ားစီး ရှူးဖိနပ်အရန် ၇၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၄၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် ယာဉ်အပိုပစ္စည်း O-Ring ခြောက်ဘူး အပါအဝင် ကုန်ပစ္စည်း ၅၇ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၀၉၆၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၄၉၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၃၁ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၇၄၉၀၃၁၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ခရိုင် ၄၆ ခု၊ မြို့နယ်ပေါင်း ၁၉၃ မြို့နယ်၌ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအသိပညာပေးခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်/မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မပျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ပူးပေါင်းဆောင်ရွက်**

အဆိုပါ မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဇန်နဝါရီ ၂၂ ရက်မှစ၍ ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ခရိုင် ၄၆ ခုမှ မြို့နယ်ပေါင်း ၁၉၃ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၅၅၆ ခု၌ မီးသတိပေးနှိုးဆော်ခြင်း ၁၁၈၉ ကြိမ်၊ အသိပညာပေး ၁၉၁ ကြိမ်နှင့် တစ်အိမ်တက်ဆင်း စစ်ဆေးမှု ၅၃၄ ကြိမ်တို့တွင် အိမ်ခြေပေါင်း ၉၈၀၀၀ ခန့်ရှိ အိမ်ထောင်စု ၉၉၀၀၀ ခန့်မှ လူဦးရေ ၃၅၀၀၀၀ ခန့်အား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၂၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၉၀၁ ဦးနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များက ရပ်မိရပ်ဖများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥသာ

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်း အသိပညာပေးခြင်းကို ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးချစ်လွင်ထွေးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဇန်နဝါရီ ၃၁ ရက်က မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြစဉ်။

ဝေယံ(ပြန်/ဆက်)



လျှပ်စစ်
သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၂-၂၀၂၄ စနေနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဇောတ္တဂ်သုတ်အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)(ဒုတိယပိုင်း)
- ၀၉:၁၅ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'ရှမ်းတိုင်းရင်းသားတို့၏ချစ်စရာရိုးရာအိမ်ကလေးများ'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၂၅ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'ရှမ်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်မှု'
- ၁၁:၄၀ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'ရှမ်းရိုးရာခေါက်စီးခေါ် ရှမ်းထမင်းသုပ်'
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ '**အုံ့ဘွယ်ချစ်ပုံပြင်**' (အပိုင်း-၁၀)
- ၁၃:၃၀ MRTV National News
- ၁၄:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ပြည့်စုံခြင်းအိပ်မက်**' (အပိုင်း-၂၂)
- ၁၅:၃၀ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၆:၃၀ '၂၀၂၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်'
- ၂၂:၀၀ ပြည်တွင်းသတင်း ည(၁၀)နာရီသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၂:၃၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ

**mitv**

- 07:02 Evergreen Classic: An Da Yel Kin (Htar)
- 07:10 Weekly Review
- 07:26 Bottle Gourd Painting
- 07:33 Elegant and Exquisite Myanmar Cotton Fabrics
- 07:48 Myanmar Family Life: Myanmar Code of Dress
- 08:01 News
- 08:27 Danu Food: Mone Nyin Saw Dish
- 08:32 Irrawaddy Dolphin (Part-2)
- 08:45 A Snake Catcher
- 09:01 Quiz Time (Ep-58)
- 10:01 News

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** ပွိုင့်ကမ်းခြေသို့အလည်သွားကြမယ်
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၂)
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** ပျော်ရွှင်စရာ 'ဝ' ရိုးရာစကောထမင်းဝိုင်း
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ပညာရပ်များစွာဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၃)
- **စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** ၂၀၂၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အစီအစဉ်
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** ၂၀၂၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အစီအစဉ်
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** ၂၀၂၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အစီအစဉ်
- **ချင်း(လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)** ၂၀၂၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အစီအစဉ်
- **ချင်း(ဇိုမီး) (၂၀:၀၀ မှ ၂၁:၀၀)** ၂၀၂၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အစီအစဉ်
- **မွန် (၂၁:၀၀ မှ ၂၂:၀၀)** ချစ်သောမော်လမြိုင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၃:၁၅ Bird's Eye View
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ရှုချင်းအတူတူ**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂)
- ၁၆:၃၀ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု(LIVE)

**MRTV FARMERS**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၁၅ နိုင်ငံ့စီးပွားမြင့်မားဖို့ စိုက်မွေးကဏ္ဍမြှင့်တင်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ဆုံးခက်တွေပုံနေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)
- ၂၂:၀၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
- ၂၃:၃၀ Karl And Tina : Embracing Village Life in Japan : NHK World Prime

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၁၂:၀၀ MNL 2022 Match(Replay)
- ၁၅:၀၀ အားကစားသတင်း
- ၁၆:၃၀ '၂၀၂၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်'

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များတပ်ဆင်အပ်နှင်း



နေပြည်တော် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က လက်နက်များ တပ်ဆင်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ အပ်နှင်းပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မတ္တရာတွင် တပ်မတော်က တစ်ရက်တည်း ရွာလေးရွာကိုမီးရှို့ပြီး လက်နက်ကြီးနှင့်ပစ်သဖြင့် ထိခိုက်သူများရှိဟု မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အရှေ့ခြမ်းမှ ကျေးရွာလေးရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် လက်နက်ကြီးနှင့် ပစ်ခတ်သဖြင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေလုံခြုံရေး တာဝန်ရှိသူများနှင့် ဒေသခံရွာသားများထံမှ ကြားသိရသောသတင်းများအရ အဆိုပါ ကျေးရွာများတွင် PDF အကြမ်းဖက်အဖွဲ့များက ကျေးရွာတွင်းဝင်ရောက်စုဖွဲ့မှုများ ပြုလုပ်ကာ တပ်မတော်စစ်ကြောင်းများ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည်ကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်း၊ အခွင့်မသာပါက ကျေးရွာအား မီးရှို့ထွက်ပြေးခြင်းများ လုပ်ဆောင်လျက်ရှိပြီး ယင်းလုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု သတင်းမှားများကို တစ်ဖက်သတ် လုပ်ကြံရေးသားကာ လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပုလောမြို့နယ် နန်းပရုပ်ကျေးရွာမှ သံဃာတော်ခြောက်ပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းအဖြစ် ဖမ်းဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် နန်းပရုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နှစ်ရက်ကြာ ဝင်ရောက်တပ်စွဲခဲ့ပြီး ပြန်သွားချိန် ဖေဖော်ဝါရီ ၁ ရက်တွင် အဆိုပါဘုန်းကြီးကျောင်းမှ သံဃာတော်ခြောက်ပါးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နန်းပရုပ်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ဝင်ရောက်တပ်စွဲခဲ့ခြင်းမရှိသလို သံဃာတော်များကိုလည်း ဖမ်းဆီးခြင်းမရှိကြောင်း သိရသည်။

ပုလောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အတွက် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ကောလာဟလသတင်းများဖြင့် သွေးထိုးလှုံ့ဆော်ပြီး နယ်မြေတည်ငြိမ်မှု ပျက်ပြားစေရန်အတွက် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ko Taylay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ်(၁) ရပ်ကွက်(မြို့သစ်)နေ တင်ဝင်းလှိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


## မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် ၁ ခု ချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၄)သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၄)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင် ဦးစိုးတင့်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများက စေတနာ၊ ဝါသနာ၊အနစ်နာဖြင့် နိုင်ငံနှင့် အများပြည်သူအကျိုး ဆတက်ထမ်းပိုးကြိုးပမ်းသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလိုသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် အရည်အချင်းပြည့်ဝသည့် ဆရာများဖြစ်လာစေရေး လေ့လာဆည်းပူးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။






အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၄)သို့ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၆၉ ဦး စုစုပေါင်း ၄၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သူနာပြုတက္ကသိုလ်(ရန်ကုန်) ဒုတိယနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)၁/ ၂၀၂၄ သင်တန်း အမျိုးသားသူနာပြုဝတ်စုံနှင့် သူနာပြုဦးဆောင်းအပ်နှင်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ်(ရန်ကုန်) ဒုတိယနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)၁/၂၀၂၄ သင်တန်းအမျိုးသား သူနာပြုဝတ်စုံနှင့်သူနာပြုဦးဆောင်းအပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ပင်မဆောင်၌ ကျင်းပသည်။

ဦးစွာ သူနာပြုတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများကသူနာပြုတက္ကသိုလ်(ရန်ကုန်) ဒုတိယနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)၁/၂၀၂၄ သင်တန်းသား သင်တန်းသူများအား အမျိုးသားသူနာပြုဝတ်စုံနှင့်သူနာပြုဦးဆောင်းများ ပေးအပ်သည်။



ဆက်လက်ပြီး အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် သူနာပြုတက္ကသိုလ် (ရန်ကုန်) ဒုတိယနှစ် သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) (၁/၂၀၂၄) သင်တန်းသား သင်တန်းသူများအား သူနာပြုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက သူနာပြုဝတ်စုံနှင့် သူနာပြုဦးဆောင်းများ ပေးအပ်သည်။

ယင်းနောက် သူနာပြုတက္ကသိုလ်(ရန်ကုန်) ဒုတိယနှစ်သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) (၁/၂၀၂၄) သင်တန်းသူ/သင်တန်းသားများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၏ မူပိုင်ဂုဏ်ပြုတေးသီချင်းဖြစ်သော ဂရုဏာအလင်းသီချင်းကို သီဆိုခြင်းများကို ဆောင်ရွက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သူနာပြုတက္ကသိုလ် ရန်ကုန် ဒုတိယနှစ် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)(၁/၂၀၂၄)သင်တန်းတွင်ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအားဆုများပေးအပ်ချီးမြှင့်ကြပြီး သူနာပြုတက္ကသိုလ်(ရန်ကုန်)အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့်ငွေကျပ်သိန်း ၅၀ ကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးကပေးအပ်ရာ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၆၅ | ၂၈၁၅ | ၂၈၀၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၃၅ | ၂၈၂၀ | ၂၈၀၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၀ | ၂၈၅၀ | ၂၈၅၅ | ၃၀၈၀ | ၃၁၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၄၀ | ၂၉၃၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၆၀ | ၂၉၄၅ | ၂၉၂၅ | ၃၀၂၀ | ၃၀၄၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၇၅ | ၂၉၇၅ | ၂၉၈၀ | ၃၂၁၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၀ | ၂၈၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၈၅ | ၂၉၁၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၃၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောအလုပ်သမားအဖွဲ့ချုပ်က ငယ်ရွယ်သောMSFအသင်းဝင်သင်္ဘောသားများအား အလုပ်အမှုဆောင်များအဖြစ် ဝင်ရောက်နိုင်ရန် ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်အနေဖြင့် သင်္ဘောသားထုနှင့် အဖွဲ့ချုပ်တွင်ကာလရှည်ကြာစွာ ပါဝင်လုပ်ကိုင်နိုင်စေရန်အတွက် MSFအသင်းသားငယ်ရွယ်သော သင်္ဘောသားများအားအလုပ်အမှုဆောင်များအဖြစ် ဝင်ရောက်ရွေးချယ်ကြရန် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်က ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့MSF အနေနဲ့ ဖွဲ့စည်းပုံစည်းမျဉ်းအရအလုပ်အမှုဆောင်ကြားဖြတ်ရွေးကောက်ပွဲကို ဇန်နဝါရီ၂၈ ရက်ကကျင်းပနိုင်ခဲ့ပါတယ်။ သင်္ဘောလိုက်နေတဲ့ အမျိုးသား၊ အမျိုးသမီးသင်္ဘောသားလူငယ်တွေကို အလုပ်အမှုဆောင်ရွေးချယ်ပွဲမှာဝင်ရောက်ပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ လူငယ်တွေအနေနဲ့ ဘဝတူသင်္ဘောသားတွေကို ပြန်လည်ပံ့ပိုးနိုင်ဖို့၊ ရပိုင်ခွင့်နဲ့ခံစားခွင့်တွေကို ကာကွယ်နိုင်ဖို့၊ ဖွဲ့စည်းပုံမှာဖော်ပြထားတဲ့ အလုပ်အမှုဆောင်အဖြစ် သင်္ဘောလိုက်နေသူတွေအမှုဆောင်အဖြစ် ရွေးချယ်နိုင်တဲ့ ပြဋ္ဌာန်းချက်အရ ကြားဖြတ်ရွေးကောက်ပွဲမှာအမှုဆောင် ၁၀ ဦးကို ရွေးချယ်တင်မြှောက်ပေးနိုင်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ် ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ပြောသည်။

ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေသည့်မြန်မာသင်္ဘောသားဦးရေခန့်မှန်း ၅၀၀၀၀ နှင့် ၆၀၀၀၀ အကြားရှိပြီး နှစ်စဉ်ပြည်ပသို့ ထွက်ခွာ၍ အလုပ်လုပ်ကိုင်နေကြောင်းနှင့် ယခုပြုလုပ်သည့်အလုပ်အမှုဆောင်ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသမီးသင်္ဘောသားများပါဝင်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။**



## ကျိုက်ထိုမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

ကျိုက်ထို ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂ ရက်နံနက်ပိုင်းက ကျိုက်ထိုမြို့ မူလွန်(ဘူတာ) ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကို လေ့လာဖတ်ရှုကြရေးနှင့် ပလတ်စတစ်အန္တရာယ် စသည့်ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အန္တရာယ်ကြိုတင်ကာကွယ်ရေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် ဟောပြောသရုပ်ပြခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂ ရက်တွင် သထုံမြို့နယ်မီးသတ်စခန်းမှူး ဒုတိယမီးသတ်ဦးစီးမှူး ဦးဟိန်းသူရထွန်းက ဦးဆောင်၍ မြေနီကုန်းကျေးရွာရှိ Max Energy စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်စဉ်။ မြို့နယ်( ပြန်/ဆက်)



## မော်လမြိုင်တက္ကသိုလ်၌ ဥပဒေဆိုင်ရာ သိကောင်းစရာဟောပြော

မော်လမြိုင် ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်၊ ဥပဒေပညာဌာနက ကျင်းပသည့် ဥပဒေဆိုင်ရာ သိကောင်းစရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ် အခန်းအမှတ်(၁၅) ပင်မဆောင်၌ ကျင်းပသည်။



**ရှင်းလင်းဟောပြော**

ဟောပြောပွဲတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မွန်ပြည်နယ် ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က ဥပဒေရေးရာ ဝန်ကြီးဌာန၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဥပဒေချုပ်ရုံးမှ မော်လမြိုင်တက္ကသိုလ်၊ ဥပဒေပညာဌာနသို့ ရာဇသတ်ကြီး၊ ဥပဒေပညာဂျာနယ်၊ ဥပဒေဘာသာပြန်ကော်မရှင်မှ ထုတ်ဝေသော အထူးဥပဒေများ စာအုပ် ၁၁ အုပ်တို့ကို မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ပေးအပ်လှူဒါန်း ရာ ဥပဒေပညာဌာန ဒေါက်တာခင်ခင်ဌေးက လက်ခံခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း(ရန်ကုန်)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



**အမှာစကားပြောကြား**

သင်တန်းဆင်းပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သိကျွမ်းနားလည်ပြီး လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန်၊ မူးယစ်ဆေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၏ နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှု၊ ကြုံတွေ့ရမည့် အခက်အခဲများ၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို သိရှိနားလည်လာစေရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ကိုထက်



## ကမာဝက်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

မုဒုံ ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၁ ရက်က အထက(ကမာဝက်) ရွှေစင်ညီလာခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် ကမာဝက်မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းအေးခိုင်က အမှာစကားပြောကြားပြီး မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိက စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်အား/ကာမှူးတို့က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာဖတ်ခြင်း အကျိုးကျေးဇူး၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကိုပြန်လည်ဖြေကြားပေးခဲ့ကာ စာအုပ်စာစောင်နှင့် အသိပညာပေး နံရံကပ်ပိုစတာများ ပြသခဲ့ကြောင်း သိရသည်။


အောင်မျိုးသူ (ပြန်/ဆက်)

○ ကျောဖုံးမှ

ငါးမိနစ်မှာ နီတိုးကတစ်ဂိုး သွင်းယူပေးခဲ့ပြီး မန်ယူအသင်းအတွက် ဒုတိယပိုင်း သွင်းဂိုး နှစ်ဂိုးကိုတော့ ၇၅ မိနစ်မှာ တွမ်မီနေး က တစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုခုနစ်မိနစ်မှာ မေနူးကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်ယူအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်သွင်းဂိုးရှစ်ဂိုးအထိရှိလာခဲ့ပြီဖြစ်ပြီလည်းဖြစ်ပါတယ်။ နည်းပြအဲရစ်တန်ဟက်ရဲ့ မန်ယူအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အဝေးကွင်း လေးပွဲအထိ နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်ခုနစ်နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းကတော့ မန်ယူအသင်းကိုရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၂၂) အပြီးမှာ ရမှတ် ၂၉ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၁)နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။ ငွေကြယ်



သန်လျင်ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်လွင်ဦးနှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁ ရက်က သန်လျင်မင်းကျောင်းနှင့် သဘာဝတရားရိပ်သာတို့သို့သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နိုင်ရန် သရုပ်ပြသစဉ်။ တင်ဝင်းတင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်း



**မန္တလေး ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးဝန်ကြီးများအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှေ့ဆက်ဆောင်ရွက်မည့်ကာလများတွင် စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်တို့ဖြင့် မျှော်မှန်းချက်များ အောင်မြင်အောင် မိမိကျရာအခန်းကဏ္ဍမှ ထိထိရောက်ရောက်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အထူးအလေးထားဆောင်ရွက်ရန်၊ MSME လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်များအတိုင်း ပြည့်ဝစွာ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး၊ ပြီးခဲ့သည့်ကာလများအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ အားသာချက်၊ အားနည်းချက် အတွေ့အကြုံရလဒ်များအပေါ် ပြန်လည်သုံးသပ်ကာ ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအား ယခင်ထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို အင်တိုက်အားတိုက်ဆောင်ရွက်ကြရန် တွန်းအားပေးဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အလယ်ကျေးရွာ ရွှေလင်ဗန်းစက်မှုဇုန် ကနောင်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

**အသိပညာပေး ဆွေးနွေး**

အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမား



ညွှန်ကြားရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ရွှေကျော်က အလုပ်သမားဥပဒေများကို ကောင်းစွာသိရှိနားလည်ပါက အငြင်းပွားမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ ဥပဒေများအကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လတ်က အလုပ်သမားစစ်ဆေးရေးဆိုင်ရာ ဥပဒေများပါအကြောင်းအရာများ၊ လူမှုဖူလုံရေးအဖွဲ့မှ ဥပဒေနှင့် နည်းဥပဒေများ၊ ဥပဒေပါခံစားခွင့်များ အပြည့်အဝရရှိမည်ဖြစ်ကြောင်းကို အသိပညာပေး ဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြောင်းမြမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မြောင်းမြ ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ယမန်နေ့က မြို့ပေါ် (၉၊ ၁၀)ရပ်ကွက်ရှိ နေအိမ်များအား မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးနေဆန်းလင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက မီးလောင်နိုင်သည့် လောင်စာဆီများ သိုလှောင်ခြင်းမရှိစေရေး၊ လက်ရှိအသုံးပြုထားသည့် လျှပ်စစ်မီးကြိုးဟောင်းများ၊ မိန်းခလုတ်ခုံများ၊ ဆွေးမြည့်ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးမပြုရန် စသည်ဖြင့် မီးဘေးသတိပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

## ရမည်းသင်းမြို့၌ မြို့နယ်အဆင့်ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအခမ်းအနား ကျင်းပ



**ရမည်းသင်း ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှကြီးမှူး၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ငွေးက ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်က ကျောင်းကျန်းမာရေးလုပ်ငန်းများအပေါ် သုံးသပ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်လင်းဦး ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေးအဖွဲ့ဝင်များနှင့်အတူ အမှတ်(၂)ရပ်ကွက်အတွင်း မီးဖိုအသုံးပြုသည့်နေအိမ်များ၊ အခြားမီးသုံးစွဲသည့်နေအိမ်များ မီးများစနစ်တကျသုံးစွဲမှုရှိ၊ မရှိ စစ်ဆေး၍ မီးမလောင်ခင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးလောင်လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးလောင်ပြီး ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဆောင်ရွက်စဉ်။

ဟန်စုယဉ်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေရေးအတွက် ဖေဖော်ဝါရီ ၂ ရက်က (အထက)ချောင်းဆုံ၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်လင်းဦးနှင့် ဝန်ထမ်းများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)





မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးသတိမူရေး အသိပေးနှိုးဆော်ခြင်းနှင့် လိုက်လံစစ်ဆေးဆောင်ရွက်ခြင်းများကို ဖေဖော်ဝါရီ ၂ ရက်က ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရားကုန်းအဆင့်-၁၊ မြေကွက်အမှတ်-၇၃၈၊ အကျယ်(၄၀x၆၀)ပေ၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသိန်းထွန်း [၁၂/သလန(နိုင်)၀၆၁၇၂၃]အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ (၂၃-၈-၁၉၉၅) ရက်စွဲပါ "နှစ်ဦးသဘောတူ ခြံ၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်" အရ ဝယ်ယူထားရှိသူ ဦးမြင့်ကြည် (G/RGN – ၀၀၉၆၁၇) [၁၂/လမတ(နိုင်)၀၂၂၇၉၀]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအေးမင်းဇော် — ဦးကျော်မင်းနိုင်**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၃)**

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်စိုး[၉/ကပတ(နိုင်)၁၄၂၃၄၂]သည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၃၂-က)၊ အကျယ်အဝန်း(၂၀x၃၀)ပေရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဖြစ်သောဦးမြင့်လှိုင်[၁၂/ဥကမ(နိုင်)၀၅၀၂၃၉]အမည်ပေါက်ထံမှ တရားဝင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန် အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နိုင်နိုင်ဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၅)**

**အမှတ်(၃၀၇)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၆၂၆၇၇၇၉၃၊ ၀၉-၇၉၅၆၇၈၉၉၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးပိုင်ဦး [၁၄/မမက(နိုင်)၂၀၄၉၂၄]သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေကွက်အမှတ် ၈၇-က၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၀၉) အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ငြိမ်းငြိမ်းစိုး [၁၂/ကမရ(နိုင်)၀၃၂၈၃၉]ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နိုင်နိုင်ဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၅)**

**အမှတ်(၃၀၇)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၆၂၆၇၇၇၉၃၊ ၀၉-၇၉၅၆၇၈၉၉၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ အောင်ဇမ္ဗူလမ်း၊ ကြီးပွားရေးအိမ်ရာ၊ တိုက်(၃)၊ အခန်း(၃၂) တတိယထပ်၏ အမည်ပေါက် ဒေါ်ဂျူလိုင်မိုး[၁/မကန(နိုင်)၀၇၇၃၅၄]ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ဆွေဆွေဟန်[၁၂/ပဇတ(နိုင်)၀၀၆၄၁၀]ကတိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာလမ်းမ၊ အမှတ်(၂၈၀/ခ)၊ မြေတိုင်းအမှတ်(ခ)၊ အကျယ်အဝန်း အလျားxအနံ (၂၀x၆၀)ပေရှိ ဦးကျော်မိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ နေအိမ်အရောင်းအဝယ် တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်း ကင်းရှင်းစွာ တရားဝင်အမည်ပေါက်ပိုင်ဆိုင်နေထိုင်လျက်ရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးကျော်မိုး[၁၂/ဥကမ(နိုင်)၁၉၁၄၂၃]နှင့် ဇနီးဖြစ်သူ ဒေါ်မြတ်သူဇာဦး[၁၂/ဥကမ(နိုင်)၁၅၃၉၃၁] တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒီစုလှိုင်က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**

**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**

**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်နေ မောင်ကျော်စိုးဝေ [၁၂/သလန(နိုင်)၁၄၇၂၅၃]၏ ဖခင်အမည်မှာ ဦးကြိုင်ဝင်း [၁၂/သလန(နိုင်)၀၄၅၉၀၅]နှင့် ဦးကြိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ မစုရတနာ [၁၂/ကမတ(နိုင်)၀၇၉၀၅၇] ၏ ဖခင်အမည်မှာ ဦးငြိမ်းဇော်နှင့် ဦးညိမ်းဇော်[၁၂/ကမတ(နိုင်)၀၃၁၅၅၂]မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) တောင်ဥက္ကလာပမြို့နယ်တရားရုံးတော် ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဦးစိုးလွင် — နှင့် — ဦးစိုးညွန့်

**(တရားလို) — (တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၆၂၀/က)နေ ဦးစိုးညွန့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်၊ (၁၃၈၅-ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄-ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာညွန့်)**

**တွဲဖက်မြို့နယ်တရားသူကြီး**

**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၄

ဒေါ်မြင့်မြင့်အေး — နှင့် — ၁။ ဒေါ်ချောစုခိုင်

၂။ ဒေါ်နု

၃။ ဦးခင်မောင်စန်း

၄။ ဒေါ်ဥမ္မာစိုး

၅။ ဦးဇော်မင်း

**(လျှောက်ထားသူ) — (လျှောက်ထားခံရသူများ)**

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၇၅/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၂)၊ တိုက်အမှတ်(၁၇၆/အခန်း-၃)နေ လျှောက်ထားခံရသူအမှတ်(၃) ဦးခင်မောင်စန်းနှင့် လျှောက်ထားခံရသူအမှတ်(၄)ဒေါ်ဥမ္မာစိုးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၉၂၄)နေ လျှောက်ထားခံရသူအမှတ်(၅) ဦးဇော်မင်း (ယခု နေရပ်လိပ်စာမသိသူတို့) သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်( ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၅

ဒေါ်မြင့်မြင့်အေး — နှင့် — ၁။ ဒေါ်ချောစုခိုင်

၂။ ဒေါ်နု

၃။ ဦးခင်မောင်စန်း

၄။ ဒေါ်ဥမ္မာစိုး

၅။ ဦးဇော်မင်း

**(လျှောက်ထားသူ) — (လျှောက်ထားခံရသူများ)**

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၇၅/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်လျှင် လမ်းသွယ်(၂)၊ တိုက်အမှတ်(၁၇၆/အခန်း-၃)နေ လျှောက်ထားခံရသူအမှတ်(၃) ဦးခင်မောင်စန်းနှင့် လျှောက်ထားခံရသူ အမှတ်(၄)ဒေါ်ဥမ္မာစိုးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၉၂၄)နေ လျှောက်ထားခံရသူအမှတ်(၅) ဦးဇော်မင်း (ယခု နေရပ်လိပ်စာမသိသူတို့)သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်( ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပါတ်လမ်းသွယ်လမ်း၊ အမှတ်-၂၈၈၊ (၅)လွှာ၊ (A/5 ခေါင်းရင်းဒါဘာခန်း)၊ အခန်းဧရိယာအကျယ်(၁၂ x ၅၀)ပေရှိတိုက်ခန်း(၁)ခန်း၊ နယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်ဇေယျာလင်း(ခ) နွေနိုင်း မှတ်ပုံတင်အမှတ်[၁၄/ဝခမ(နိုင်)၂၉၈၀၆၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းတစ် မှတ်ပုံတင်အမှတ်[၁၂/လသန(နိုင်)၀၁၉၂၄၄]ကိုင်ဆောင်သူသည် အသိသက်သေလူကြီးများနှင့်တကွ (၁၂-၆-၂၀၂၃)ရက်နေ့တွင် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ပါသည်။ အထက်ပါတိုက်ခန်း၏အကျိုးခံစားခွင့်နှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းတစ် တစ်ဦးတည်းသာလျှင်ဖြစ်ကြောင်းနှင့် ဝယ်ယူသည့် နေ့မှစတင်၍ ယနေ့အထိ ဒေါ်နန်းတစ်မှ စီမံခန့်ခွဲလျက်ရှိပါသည်။ ထို့ကြောင့် ပိုင်ဆိုင်သူ ဒေါ်နန်းတစ်၏ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ သက်ဆိုင်ရာဘဏ်ဌာနအသီးသီး၌ ပေါင်နှံခြင်းကိစ္စရပ်များအား မပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့မည်ဆိုပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ–**

**ဒေါ်အိအိဖြိုး(LL.B)**

**တရားလွှတ်တော်ရှေ့နေ စဉ်-၁၈၈၅၇**

**အမှတ်-၉၉၊ အနောက်မြို့ပတ်လမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊**

**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၈၉၆၄၆၂၆**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးခင်မောင်ကြည်၏သား မောင်နေသူလှိုင် [၉/ရမသ(နိုင်)၂၂၇၅၉]၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 975284) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၀၅၄၉၁**

## အမည်မှန်

မော်လမြိုင်မြို့၊ သမာဓိ ကိုယ်ပိုင်အထက်တန်းကျောင်း KG တန်းတွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်မင်းစိုး [၆/ရဖန(နိုင်)၀၄၃၈၆၂]၏သမီး အမည်မှန်မှာ မရွှေရည်ဖူးသစ်ဖြစ်ပါကြောင်း။

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ဝေယံပိုင် [၇/ပမန(နိုင်)၁၆၀၅၇၁]နိုင်ငံကူးလက်မှတ်စာအုပ် – MA 403303 ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-423693406**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၇၅)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈အီး၁)၊ မြေကွက်အမှတ်(၃၀အေ)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ မြေအမည်ပေါက် ဦးထွန်းရှိန်[၁၂/စခန(နိုင်)၀၂၁၈၀၆]မြေကွက်အားအမည်ပေါက် (ဖခင်)ဦးထွန်းရှိန်သည် (၉-၇-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ (မိခင်)ဒေါ်သန်းသည်(၇-၁-၂၀၀၇) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြကြောင်း ကွယ်လွန်သူမိဘများ၏ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်းနှင့် မိဘများတွင် အခြားသားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကိတ္တိမ သားသမီးမွေးစားခဲ့ခြင်းမရှိကြောင်း၊ ၎င်းမှလွဲ၍ အခြား အမွေဆက်ခံသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံသူဖြစ်ကြောင်း ဒေါ်တင်နွဲ့[၁၂/စခန(နိုင်)၀၂၁၈၁၀]၏ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်-၂၈၅၂/၂၀၂၃(၂၉-၉-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင်ဖခင်တို့၏သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဒေါ်တင်နွဲ့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**(ကိုယ်စား) မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးကျော်သန်း၏သား ကိုတင်မင်းထွဋ်[၁၂/ဥကမ(နိုင်)၁၅၇၃၁၁]၏ နိုင်ငံကူးလက်မှတ် (အမှတ်မမှတ်မိ)ကိုင်ဆောင်သူသည် ပတ်စ်ပို့စာအုပ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-895502700**

## ဒေါ်ခင်မြ [၁၂/တတန(နိုင်)၀၁၆၄၂၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၄-၁-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာတွင် အများသိစေရန်ကြေညာခြင်း အပေါ် ပြန်လည်ကန့်ကွက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ မင်းပိုင်းရပ်ကွက်၊ ရွှေဆံတော်ဘုရားလမ်း၊ အိမ်အမှတ်(၈၁)နေ (အဖ) ဦးဝင်းကျော်၏ သမီး ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်း၊ [၁၂/တတန(နိုင်)၀၅၉၉၇၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ကန့်ကွက်ကြေညာပါသည်။

ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းအား (၁၂)နှစ်သမီးအရွယ်တွင် ဦးဝင်းကျော်+ဒေါ်ခင်မြတို့မှ နေအိမ်တွင် ခေါ်ယူမွေးစားပြီး ၂၀၀၆ ခုနှစ်တွင် အမွေစားအမွေခံကိတ္တိမသမီးအဖြစ် တွံတေးမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားဝင်စာချုပ်၍ မွေးစားခဲ့ပါသည်။ ၁၉၉၂-၁၉၉၃ ခုနှစ်တွင် မွေးစားမိခင် ဒေါ်ခင်မြသည် လည်ပင်းအဆိပ်အိတ်ရောဂါခံစားရသဖြင့် ၂၀၂၃ ခုနှစ်အထိ ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းမှ ပြုစုကုသပေးခဲ့ရပါသည်။ ၂၀၁၅ ခုနှစ်တွင် မွေးစားဖခင် ဦးဝင်းကျော်သေဆုံးခဲ့၍ စီးပွားရေးလုပ်ငန်းမှ အခြားသူများထံပေးဆပ်ရန်ရှိသော အကြွေးငွေကျပ်သိန်းပေါင်းထောင်ချီအကြွေးများကို သမီး ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းမှ မွေးစားမိခင်ဂုဏ်သိက္ခာမထိခိုက်စေရန်နှင့် သေသူဖခင်အတွက် သံသရာကြွေးမပါစေရန် အရောင်းအဝယ်နှင့်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပြီး အကြွေးဆပ်ခဲ့ရပါသည်။ အကြွေးငွေများ ကင်းရှင်းစပြုသည့်အခါ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ လဆန်းရက်တွင် မိခင် ဒေါ်ခင်မြက ၎င်း၏ညီမအရင်း ဒေါ်သန်းနွဲ့နှင့် မောင်အရင်းတော်သူ ဦးမျိုးလွင်တို့အား ကိတ္တိမမွေးစားသားသမီးအဖြစ် ထပ်မံ၍ မွေးစားခဲ့ပြီး မွေးစားသမီး ညီမအရင်းတော်သူ ဒေါ်သန်းနွဲ့နှင့်အခန်းခွဲ၍ အတူနေထိုင်ခြင်းဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမတိုင်မီအထိ ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းနှင့် တစ်အိမ်တည်းအတူနေပြီး ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းမှ ပြုစုကျွေးမွေးခြင်း၊ ဆေးကုသပေးခြင်းများ အမြဲမပြတ်လုပ်ကိုင်လျက်ရှိခဲ့ပါသည်။ သားသမီးဝတ္တရားမပျက်ခဲ့ပါ။ မည်သည့်အမွေပစ္စည်းမှ ယနေ့အထိတောင်းဆိုခြင်းမရှိပါ။ မွေးစားမိခင် ဒေါ်ခင်မြသည် ၎င်း၏ညီမအရင်း ဒေါ်သန်းနွဲ့နှင့် မောင်အရင်း ဦးမျိုးလွင်တို့ကို အမွေစားအမွေခံကိတ္တိမသားသမီးအဖြစ် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ လဆန်းရက်တွင် မွေးစားခဲ့ခြင်းသည် ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းအား အမွေပစ္စည်းများ အပြည့်အဝမခံစားစေလိုသောကြောင့်ဖြစ်ပြီး ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းဘက်မှ သားသမီးဝတ္တရားပျက်ကွက်မှုမရှိပါ။ မွေးစားမိခင် ဒေါ်ခင်မြက ၎င်းညီမ ဒေါ်သန်းနွဲ့နှင့် မောင်တော်သူ ဦးမျိုးလွင်တို့အား ကိတ္တိမသားသမီးအဖြစ် မွေးစားသောဖြစ်စဉ်ကို ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်းမှ မိခင် ဒေါ်ခင်မြ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်မည်စိုး၍ တစ်စုံတစ်ရာပြောဆိုခြင်း ဘာတစ်ခုမှ လုံးဝမလုပ်ခဲ့ပါ။ အခြားစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာထိခိုက်မည့်ကိစ္စများလည်း လုံးဝမလုပ်ခဲ့ပါဘဲ သမီးဆိုးအဖြစ်သတ်မှတ်လိုက်သည်ဆိုသော စကားရပ်သည် ဖြစ်ရပ်အမှန်နှင့် ကွဲလွဲနေ၍ ကန့်ကွက်ပါကြောင်းနှင့် ယနေ့အထိ သမီးတစ်ဦး၏ ဝတ္တရားနှင့်အညီ ပြောဆိုနေထိုင်လုပ်ကိုင် စောင့်ရှောက်နေသူဖြစ်ပါကြောင်း အများသိစေရန်ပြန်လည်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စမ်းသီ(ခ)ဒေါ်စမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကြင်ထူး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၅၈/၁၉၈၆)**

**အမှတ်(၁၁၁)၊ (၁၃)လမ်း၊ (၃)ရပ်ကွက်၊ ညောင်တုန်းမြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၈)လမ်း၊ အမှတ်(၈၀၇)၊ (၂)ခန်းတွဲ RC ၃ ၁/၂ တိုက်၏ ဒုတိယထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂'x၅၀')ရှိတိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသောင်းမြင့် [၁၂/မရက(နိုင်)၀၁၇၄၅၃] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မာစိုး [၁၄/အဂပ(နိုင်)၁၇၀၈၃၃]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နေခြည်ဝင့် LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၈၄)**

**အမှတ်-၅၆၅၊ အခန်း-၁၀၃/ဒီ၊ MAC Towen ကုန်သည်လမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၃၂၃၃၉၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိနိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်...**

❖ **အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ပုသိမ်မြို့၊ ကိုးသိန်းအားကစားပြိုင်ကွင်း၊ ရှင်းလင်းဆောင်တွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၇ သန်း ကျော်ရရှိ



စာမျက်နှာ » ၁၃

### ခရိုင် ၄၆ ခု၊ မြို့နယ်ပေါင်း ၁၉၃ မြို့နယ်၌ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအသိပညာပေးခဲ့

စာမျက်နှာ » ၁၄

### မတ္တရာတွင် တပ်မတော်က တစ်ရက်တည်း ရွာလေးရွာကိုမီးရှို့ပြီး လက်နက်ကြီးနှင့် ပစ်သဖြင့် ထိခိုက်သူများရှိဟု မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

စာမျက်နှာ » ၁၅




ဝုလ်ဗာဟမ်တန်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဝုလ်ဗာဟမ်တန်အသင်းကို မန်ယူအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ

ဝုလ်ဗာဟမ်တန်အသင်းနဲ့ မန်ယူအသင်းတို့ ဇန်နဝါရီ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ မန်ယူအသင်းက ပထမပိုင်းပွဲကစားချိန် ငါးမိနစ်မှာ ရက်ရှ်ဖို့ဒ်၊ ၂၂ မိနစ်မှာ ဟော့ဂျ်လန်းတို့ရဲ့သွင်းဂိုးတွေနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်း ပွဲကစားချိန်အတွင်းမှာ ဝုလ်ဗာဟမ်တန်အသင်းအတွက် သွင်းဂိုးတွေကို ၇၁ မိနစ်မှာ ဆရာဘီယာက ပင်နယ်တီကနေတစ်ဂိုး၊ ၈၅ မိနစ်မှာ ကီလ်မန်က တစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❍



တောင်ပံတိုက်စစ်ကစားသမား သက်ဝေမိုး (ဝဲပုံ) ကိုတွေ့ရစဉ်။

## ရှမ်းယူနိုက်တက်အသင်း ကစားသမားသစ် ထပ်မံခေါ်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၂

လာမည့်ရာသီအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် MNL ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားသစ်တစ်ဦး ထပ်မံခေါ်ယူခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက မြဝတီအသင်းနှင့်အတူ ခြေစွမ်းပြကစားခဲ့သည့် တောင်ပံတိုက်စစ်ကစားသမား သက်ဝေမိုးကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သက်ဝေမိုးသည် လူငယ်ကစားသမားဘဝကို ရခိုင် ယူ-၁၈ အသင်း၊ မြဝတီ ယူ-၁၈ အသင်း၊ ရတနာပုံ ယူ-၂၁ အသင်းတို့နှင့် ဖြတ်သန်းခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားကို ချင်းယူနိုက်တက်အသင်းတွင် စတင်ကာ ပြီးခဲ့သည့်ရာသီတွင် မြဝတီအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ သက်ဝေမိုးသည် ပြီးခဲ့သည့်ရာသီတွင် ပွဲစဉ်အလိုက်အကောင်းဆုံးကစားသမားဆုကို လေးကြိမ်အထိ ရယူနိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❖

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၂

| | | |
|---|---|---|
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၄ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၅ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၅ | ဒီဂရီစင်တီဂရိတ် |
| ကျိုင်းတုံ | ၅ | ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ | ဒီဂရီစင်တီဂရိတ် |